မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၃၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၂၃၈)

ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ထီသိမ်ဘုရားအနီးတွင် ထည့်သွင်းဖောက်လုပ်နေသည့် ရထားလမ်းအဝိုင်းပတ်နေရာ စီမံကိန်းဧရိယာအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပင်းပက်-နောင်ကား-တောင်ကြီး-ရွှေညောင်-သာစည်-မြင်းခြံ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပင်းပက်-နောင်ကား-တောင်ကြီး-ရွှေညောင်-သာစည်-မြင်းခြံ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁✻

ယနေ့ ဖတ်စရာ

စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

ပြည်တွင်းသတင်း စာ ၁၄

စားမြို့ပြန်တိရစ္ဆာန်များ မွေးမြူဖွံ့ဖြိုးရေး အာဟာရဆေးလျက်ဆားတုံးအသုံးပြုပေး

ဆောင်းပါး စာ ၁၆

မိုးဦး လေဦး ကူးစက်ရောဂါများ

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံသူ နိုင်ငံသားတို့၏ ကျန်းမာကြံ့ခိုင်မှု၊ ပညာအရည်အချင်း မြင့်မားမှုတို့က အရေးကြီးသည်။ နိုင်ငံသူ နိုင်ငံသားတို့ ရောဂါကင်းဝေး ကျန်းမာရေး ကောင်းမွန်စေရန်မှာလည်း တစ်ဦးချင်းစီ၌ ကျန်းမာရေးအသိသုတတို့ ပြည့်ဝနေစေဖို့လိုသည်။ ကြိုတင်ကာကွယ်ခြင်း နည်းလမ်းအားဖြင့် ရောဂါဖြစ်ပွားမှုများကို ရှောင်ရှားကာ ကျန်းမာရေးကို ထိန်းသိမ်းထားနိုင်ခြင်းက "ကျန်းမာခြင်းသည် လာဘ်တစ်ပါး" ဆိုသည့်အတိုင်း မိမိတို့ တစ်ဦးချင်းစီအတွက် အကျိုးဖြစ်ထွန်းနိုင်သကဲ့သို့ နိုင်ငံအနေဖြင့်လည်း ကျန်းမာရေးဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်မည်ဖြစ်သည်။

ယခုအခါ မုတ်သုံမိုးဝင်ရောက်လာပြီဖြစ်ရာ မိုးဦးကျကာလမှစတင်၍ မိုးတွင်းကာလတွင် အဖြစ်များပြီး အန္တရာယ်လည်း ကြီးမားသည့် ကူးစက်ရောဂါများ မဖြစ်ပွားမကူးစက်စေရန် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိတို့ဖြင့် ကြိုတင်ကာကွယ်ကြရမည်ဖြစ်သည်။ သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောနှင့် ရာသီတုပ်ကွေးတို့သည် မိုးရာသီတွင် အဖြစ်များသော ကူးစက်ရောဂါများဖြစ်ပြီး လူကြီး၊ ကလေး အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သော ရောဂါများဖြစ်သော်လည်း သတိပြုကာကွယ်နေထိုင်ခြင်းအားဖြင့် မကူးစက်မပြန့်ပွားအောင် ရှောင်ရှားနိုင်သည်။ မည်သည့်အကြောင်းကြောင့် ရောဂါကူးစက်ပျံ့နှံ့ရသည်ကို သိရှိထားကာ နည်းမှန်လမ်းမှန် ကြိုတင်ကာကွယ်နေထိုင်ခြင်းအားဖြင့် အဆိုပါရောဂါများကို ကာကွယ်နိုင်သည်။

သွေးလွန်တုပ်ကွေးသည် မိုးရာသီတွင် အဖြစ်များသော ရောဂါဖြစ်သော်လည်း ရာသီတိုင်းတွင်လည်း ဖြစ်နိုင်သည်။ ယခင်က အသက် ၁၅ နှစ်အောက် ကလေးများတွင် အဖြစ်များသော်လည်း ယခုအခါ အသက်အရွယ်မရွေး ဖြစ်ပွားလာသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ဒင်ဂီးဗိုင်းရပ်စ်ပိုးကို သယ်ဆောင်သည့် ခြင်ကျားကိုက်ခံရခြင်းကြောင့် ကူးစက်ခံရခြင်းဖြစ်ရာ ခြင်ကိုက်မခံရအောင် နေထိုင်ခြင်း၊ မိမိတို့ နေထိုင်ရာ ပတ်ဝန်းကျင်၌ ခြင်ကျား၊ ပိုးလောက်လမ်း နှိမ်နင်းခြင်းတို့ ဆောင်ရွက်ရန်လိုသည်။ ခြင်ကျား၊ ပိုးလောက်လမ်း နှိမ်နင်းခြင်းလုပ်ငန်းကို ရပ်ရွာလုံးကျွတ်တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ ရေစည်၊ ရေကန်များတွင် ပိုးလောက်လမ်းသတ်သည့် အဘိတ်ဆေးခတ်ခြင်းတို့ကို လူထုလှုပ်ရှားမှုပုံစံဖြင့် ဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာနက အကြံပြုထားသည်။

မိုးရာသီတွင် အဖြစ်များသည့် နောက်ထပ်ရောဂါတစ်ခုမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပြီး ရေမသန့်ရှင်းခြင်း၊ အစား အစာ မသန့်ရှင်းခြင်း၊ တစ်ကိုယ်ရေ မသန့်ရှင်းခြင်း၊ ပတ်ဝန်းကျင် မသန့်ရှင်းခြင်းတို့မှာ ရောဂါဖြစ်ပွားရခြင်း၏ အကြောင်းရင်း ဖြစ်သည်။ သို့ဖြစ်ရာ ရေသန့် သို့မဟုတ် ကျိုချက်ထားသည့် ရေကိုသာ သောက်သုံးခြင်း၊ ယင်နားထားသည့် အစားအစာ၊ အမှည့်လွန်သစ်သီး စသည်တို့ကို ရှောင်ရှားခြင်း၊ ပူပူနွေးနွေး အစားအစာကို စားသုံးခြင်း၊ အစာမစားမီနှင့် အိမ်သာမှ ထွက်ချိန်တို့တွင် လက်ကိုဆပ်ပြာဖြင့် သေချာစွာဆေးကြောခြင်း၊ လက်သည်းများ ညှပ်ထားခြင်း၊ အိမ်နှင့် ပတ်ဝန်းကျင်ကို ရှင်းလင်းသန့်ရှင်းခြင်းတို့ဖြင့် ကာကွယ်ကြရမည်ဖြစ်သည်။

ရာသီတုပ်ကွေးသည်လည်း မိုးရာသီတွင် အဖြစ်များသည့် ရောဂါဖြစ်ပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ခြင်းဖြစ်ရာ လူထူထပ်သည့်နေရာများတွင် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်း၊ လက်ကိုဆပ်ပြာဖြင့် မကြာမကြာဆေးခြင်းတို့ဖြင့် ရောဂါမကူးစက်အောင် ကာကွယ်နိုင်သည်။ ကျန်းမာရေးနှင့် ညီညွတ်သော အလေ့အကျင့်ကောင်းများဖြင့် နေထိုင်ကြခြင်းက လူတိုင်းကို ရောဂါဘယကင်းစင်ကာ ကျန်းမာပျော်ရွှင်မှုတို့ဖြင့် ပြည့်စုံစေမည်ဖြစ်ရာ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုခြင်း၊ အာဟာရပြည့်ဝစွာစားသုံးခြင်း၊ လုံလောက်စွာ အိပ်စက်အနားယူခြင်း၊ ဥတုသပ္ပါယမျှတစွာ ဆင်ယင်နေထိုင်ခြင်း၊ သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှုကို နေ့စဉ်ပြုလုပ်ခြင်း၊ ဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးဝါးတို့ကို ရှောင်ကြဉ်ခြင်းအားဖြင့် မိမိတို့၏ ကိုယ်ခံအားများကို မြှင့်တင်ကာ ကူးစက်တတ်သော ရောဂါများမှ လူတိုင်းရှောင်ရှားနိုင်ကြပါစေကြောင်း။ ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

အကျိုးတူပူးပေါင်းဆောင်ရွက်

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှတ်ပုံတင်ခွင့် ရရှိပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁) ရပ်ကွက် အောင်ဇေယျလမ်း အမှတ် (၂၄) တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီဌာနချုပ်သို့ ယနေ့ နံနက် ၈ နာရီတွင် သွားရောက်၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်စစ်ဆေးရာပါတီဥက္ကဋ္ဌ ဦးဟန်ရွှေနှင့် ပါတီအဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြသည်။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီသည် တစ်နိုင်ငံလုံး၌ စည်းရုံးဆောင်ရွက်ရန် ဧပြီ ၂၅ ရက်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ နိုင်ငံရေးပါတီအဖြစ် ပါတီမှတ်ပုံတင်ခွင့် ရရှိပြီးဖြစ်သည်။ ပါတီဝင်အင်အား တစ်သိန်းကျော်စုဆောင်းရရှိပြီး ပါတီရုံးခန်းပေါင်း ၂၄၇ ရုံး ဖွင့်လှစ်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၉ - နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့

* ရှေ့ဖုံးမှ

ဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်က မတ်လ ၃ ရက်နေ့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ အနာဂတ်တွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ရထားလမ်းတစ်လျှောက် အပင်များစိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိမှု၊ မြေထိန်းနံရံ (Toe Wall) များ၊ ရေကာနံရံများနှင့် ရေထုတ်ပြွန်များ၊ ရေထုတ်မြောင်းများနှင့် တံတားများ ထည့်သွင်းဆောင်ရွက်လျက်ရှိမှု၊ ရထားလမ်းတစ်လျှောက် အပင်များစိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိမှု၊ ထီးသိမ်ဘူတာယာဒ်ဝင်းလှေကား၊ ပလက်ဖောင်းတည်ဆောက်ခြင်းနှင့် ရထားလမ်းအဝိုင်းပတ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အေးသာယာနှင့်ပေါ်မှုဘူတာယာဒ်ဝင်း သံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ပင်းပက် - နောင်ကား - တောင်ကြီး - ရွှေညောင် -သာစည် -မြင်းခြံ ရထားလမ်းပိုင်းများအလိုက် ရထားလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်က ရှင်းလင်းတင်ပြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စီမံကိန်းဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

❂ ရထားလမ်းများကို လူအများသွားလာခြင်းအတွက် အသုံးပြုမည်ဖြစ်သကဲ့သို့ ကုန်ပစ္စည်းများ တင်ပို့မှုအတွက်လည်း အသုံးပြုသွားမည်ဖြစ်သောကြောင့် ရထားလမ်းများ၏ ခံနိုင်ရည်အားကောင်းမွန်အောင် စနစ်တကျ တည်ဆောက်

❂ ရထားလမ်းတစ်လျှောက် ဘေးဘယ်ညာရှိ နိုင်ငံပိုင်မြေများတွင် သစ်တောများ စိုက်ပျိုးနိုင်ရန်လိုသဖြင့် သစ်တောဥပဒေများရေးဆွဲပြီး စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းဘေးပတ်ဝန်းကျင် စိမ်းစိုပြည်နေမည်ဆိုပါက ရထားစီးခရီးသည်များအတွက် မျက်စိပသာဒဖြစ်စေမည်

ပထမဆုံးဖောက်လုပ်ပြေးဆွဲခဲ့

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရထားသယ်ယူပို့ဆောင်ရေးစနစ်သည် ဒေသအတွက် များစွာအကျိုးရှိစေမည့် စီမံကိန်းတစ်ခု ဖြစ်ကြောင်း၊ ရထားလမ်းများကို လူအများသွားလာခြင်းအတွက် အသုံးပြုမည်ဖြစ်သကဲ့သို့ ကုန်ပစ္စည်းများ တင်ပို့မှုအတွက်လည်း အသုံးပြုသွားမည်ဖြစ်သောကြောင့် ရထားလမ်းများ၏ ခံနိုင်ရည်အားကောင်းမွန်အောင် စနစ်တကျ တည်ဆောက်ရန် လိုကြောင်း၊ ရထားလမ်းတစ်လျှောက်ရှိ တံတားများကို တည်ဆောက်ရာတွင် ခံနိုင်ရည်ရှိစေရေး စနစ်တကျဖြင့် ဆောင်ရွက်ရန် လိုကြောင်း၊ သာစည် - ရွှေညောင်လမ်းပိုင်းတွင် ယခင်ကရထားများ ပြေးဆွဲသည့်အမြန်နှုန်းမှာ သတ်မှတ်ထားသည်ထက် နှေးကွေးသည်ဟု သိရှိရကြောင်း၊ ထို့ကြောင့် ရထားများကို တောင်ပေါ်တွင် မောင်းနှင်သည့် ပုံမှန်အမြန်နှုန်းများအတိုင်း မောင်းနှင် ပြေးဆွဲနိုင်ရေးနှင့် အန္တရာယ်ကင်းရှင်းစေရေး ဘရိတ်စနစ်များကို ပြင်ဆင်ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းများကို အနာဂတ်တွင် ထပ်မံအဆင့်မြှင့်တင်မှုများပြုလုပ်နိုင်ရေး ရထားလမ်းနယ်များကို ကြိုတင်သတ်မှတ်ဆောင်ရွက်၍ လမ်းနယ်အမှတ်အသားများကို စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းတစ်လျှောက် ဘေးဘယ်ညာရှိ နိုင်ငံပိုင်မြေများတွင် သစ်တောများ စိုက်ပျိုးနိုင်ရန်လိုသဖြင့် သစ်တောဥပဒေများ ရေးဆွဲပြီး စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းဘေးပတ်ဝန်းကျင်စိမ်းစိုပြည်နေမည်ဆိုပါက ရထားစီးခရီးသည်များအတွက် မျက်စိပသာဒဖြစ်စေမည်ဖြစ်ကြောင်း၊ မြန်မာ့မီးရထားသည် အရှေ့တောင်အာရှတွင် ပထမဆုံး ဖောက်လုပ်ပြေးဆွဲခဲ့သည့် မီးရထားလမ်းဖြစ်ကြောင်း၊ ထို့ကြောင့် ခေတ်နှင့်လျော်ညီသည့် အဆင့်မြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ရထားများ ယခုထက် အမြန်နှုန်းတိုးမြှင့်ပြေးဆွဲနိုင်ရန်လိုကြောင်း၊ လူစီးရထားများကို RBE တွဲများဖြင့် ပြေးဆွဲနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းများအား အမြန်နှုန်းမြှင့်၍ ပြေးဆွဲနိုင်ရန်နှင့် အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ရန် လိုကြောင်း၊ လျှပ်စစ်ရထားပြေးဆွဲရေးနှင့်ပတ်သက်၍လည်း ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက် ရှိကြောင်း၊ လျှပ်စစ်ရထားစက်ခေါင်းတွဲများကိုလည်း စမ်းသပ်ဆောက်လုပ်စေလျက်ရှိကြောင်း၊ ရထားစက်ခေါင်းများနှင့် ရထားတွဲများကို ပြည်တွင်းမှ ထုတ်လုပ်၍ ရရှိသည့် စက်ပစ္စည်းများကို ပေါင်းစပ်၍ ပြည်တွင်း၌ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မီးရထားလမ်းများ အဆင့်မြှင့်တင်ရေးအတွက် မီးရထားအင်ဂျင်နီယာများ အနေဖြင့် ဝိုင်းဝန်းဆွေးနွေး ကြိုးပမ်းဆောင်ရွက်ကြစေ လိုကြောင်း၊ ရထားလမ်းများတွင် ခင်းကျင်းသည့် ကျောက်များသတ်မှတ်ဆိုဒ်များ ရှိရန်လိုကြောင်း၊ မြန်မာနိုင်ငံရှိ ရထားလမ်းများအားလုံး ကီလိုမီတာ ၁၀၀ အမြန်နှုန်းအထိ မောင်းနှင်နိုင်ရန် မူလရည်မှန်းချက်အဖြစ် ထားရှိဆောင်ရွက်သွားရမည်ဖြစ်ပြီး နောင်တွင် အဆိုပါ အမြန်နှုန်းထက် ပိုမိုပြေးဆွဲနိုင်ရေး ဆောင်ရွက်သွားရန်အတွက် အင်ဂျင်နီယာရှုထောင့်မှ သုံးသပ်ဆောင်ရွက်ကြစေ လိုကြောင်း၊ ရထားအသုံးပြု၍ ပြေးဆွဲခြင်းသည် Public Transportation ဖြစ်သဖြင့် စက်သုံးဆီသုံးစွဲမှုကို သက်သာစေပြီး အများပြည်သူ သွားလာမှု၊ ကုန်ပစ္စည်းများ တင်ပို့မှုအတွက် များစွာအထောက်အကူပြုသဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် သယ်ယူပို့ဆောင်ရေးစနစ်ပင်ဖြစ်ကြောင်း ပြောကြားသည်။

ချီးမြှင့်ငွေများပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထီးသိမ်ဘူတာအနီးတွင် ထည့်သွင်း ဖောက်လုပ်နေသည့် ရထားလမ်းအဝိုင်းပတ်နေရာ စီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ပြီး စီမံကိန်းဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။ အဆိုပါ ထီးသိမ်ဘူတာအနီး၌ ထည့်သွင်းဖောက်လုပ်မည့် ရထားလမ်းအဝိုင်းပတ်ကို ရှမ်းပြည်နယ်၏ထင်ရှားသော ဘဝသံသရာရထားလမ်းနှင့် တံတားပုံစံအတိုင်း တည်ဆောက်လျက်ရှိကြောင်းနှင့် ရထားစီး ခရီးသည်များအား ဆွဲဆောင်နိုင်သည့် ရထားလမ်းပိုင်းနေရာတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ချင်းပြည်နယ် ပလက်ဝမြို့၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပလက်ဝ မေ ၂၉

ချင်းပြည်နယ် ပလက်ဝမြို့ မြို့အဝင်ဆိုင်းဘုတ်အနီး ပတ်ဝန်းကျင် ပလက်ဝ၊ မတူပီကားလမ်းဘေးတွင် သစ်ပင်များစိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် ယနေ့နံနက်က ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ မိုးရာသီအကြို သစ်ပင်စိုက်ပွဲကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပွဲတွင် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်ဇော်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်နှင့် မြို့နယ် သစ်တောဦးစီးအရာရှိ ဦးချစ်ကိုကိုတို့က ဦးဆောင်၍ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်များနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ စုပေါင်း၍ အပင်ပေါင်း ၁၀၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(ယာပုံ)** **မြို့နယ် (ပြန်/ဆက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့် တိုင်းပြည်၏စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်

❖ ပအိုဝ်းဒေသတွင် စပါးစိုက်ပျိုးရာ၌ တစ်ဧကချင်းအထွက်နှုန်းမှာ ၆၇ တင်းခန့် သာဖြစ်သည်ကို တွေ့ရှိရ၊ တစ်ဧကချင်းအထွက်နှုန်းကို ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ပိုမိုစိုက်ပျိုးနိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးရှိနိုင်မည်၊ အလားတူ အခြားသီးနှံများကိုလည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်

နေပြည်တော် မေ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိအသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား ဟိုပုံးမြို့ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့မိ၊မြို့ဖများ၊အသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက နယ်မြေဒေသဆိုင်ရာအခြေအနေများ၊ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ရင်းနှီးမြှုပ်နှံမှု ချေးငွေများထုတ်ချေးပေးထားမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ အာလူးအအေးခန်းစက်ရုံတည်ဆောက်ထားရှိမှု၊ ဆက်လက် တိုးချဲ့တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ သဘာဝမြေဩဇာထုတ်လုပ်ရေးစက်ရုံတည်ဆောက်လျက်ရှိမှု၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချနေမှု၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှု၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် အကျိုးအမြတ်ရရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြကြရာတွင် ဟိုပုံးမြို့နယ် ဆန်စက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးရန်နိုင်ဦး၊ နောင်ခမ်းကော်ဖီအစုအဖွဲ့လုပ်ငန်းရှင် ဒေါ်နန်းခမ်းနိုး၊ ရွှေအောင်မြေ ပင်မှည့်သီးနှံအစုအဖွဲ့ လုပ်ငန်းရှင် ဦးအောင်ဌေးဦး၊ မြစိမ်းရောင်လက်ဖက်ခြောက်နှင့် လက်ဖက်ဝိုင်လုပ်ငန်းတာဝန်ခံ ဦးအောင်သူ၊ နောင်တရားအာလူးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းဥက္ကဋ္ဌ ဦးခွန်ဆန်းဦးနှင့် လုပ်ငန်းရှင်များက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကော်ဖီစိုက်ဧက တိုးမြှင့်နိုင်ရေးနှင့် ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်မှ ချေးငွေဆောင်ရွက်ပေးစေလိုမှု၊ အာလူးအအေးခန်းစက်ရုံ ထပ်မံတည်ဆောက်ရန် လိုအပ်လျက်ရှိမှု၊ သဘာဝဓာတ်မြေဩဇာများ ထုတ်လုပ်လျက်ရှိမှုနှင့် စက်ရုံတိုးချဲ့ဆောင်ရွက်လိုမှု၊ ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် စက်ရုံတိုးချဲ့မှုများဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှုချေးငွေများ ထုတ်ချေးပေးစေလိုမှု၊ ကုန်ထုတ်လုပ်ငန်းများအတွက်လိုအပ်လျက်ရှိသည့် လျှပ်စစ်မီးလိုအပ်ချက်များကို ဖြည့်ဆည်းပေးစေလိုမှုနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို အသီးသီးတင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အနေဖြင့် ချေးငွေများကို ခေါင်းစဉ်အမျိုးမျိုးဖြင့် ထုတ်ချေးပေးထားပြီး ၎င်းချေးငွေများ ပြန်လည်ရရှိမှသာလျှင် ရင်းနှီးမတည်ငွေများ ပြန်လည်ထုတ်ပေးနိုင်မည်ဖြစ်သဖြင့် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုအပ်မှု၊ လုပ်ငန်းများအတွက် ချေးငွေများ ရရှိလိုမှုနှင့် ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလျှောက်ထားနိုင်ပြီး မှန်မှန်ကန်ကန်ဆောင်ရွက်ရန်လိုအပ်မှု၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ငန်းအလိုက် အတိုးနှုန်းသက်သာသည့် ချေးငွေများ ရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ချေးငွေများ ရယူပြီးပါက လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်သွားရန် လိုအပ်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့်စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးလျက်ရှိမှု၊ မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစုများရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ လက်အောက်ရှိ နယ်မြေခံဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ဟိုပုံးမြို့နယ်၌ သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်း ယခင်ကထက် တိုးတက်လာသည်ကို တွေ့ရှိရပြီး ကာကွယ်တောများ ဆက်လက်တိုးချဲ့နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်းရှိ မဲနယ်တောင်တန်းသည် ဒေသရေရရှိရေးနှင့် အဖိုးတန်သယံဇာတများ ထိန်းသိမ်းရေးတို့အတွက် အဖိုးတန်သည့် တောင်တန်းဇရိယာဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်ကောင်းများကို ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းသွားရန် လိုအပ်မှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားပေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့်စက်မှုမှတ်ပုံတင်ခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှုနှင့်အခြားလိုအပ်သည်များကိုဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တစ်ဦးချင်းလိုအပ်ချက်များ တင်ပြမှုအပေါ် အလေးထားမှတ်သား၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြန်ဆုံးဆက်သွယ် ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ယနေ့ခေတ်သည် ပါတီစုံဒီမိုကရေစီ စီးပွားရေးစနစ်ဖြစ်ကြောင်း၊ မိမိတို့ဒေသ စီးပွားရေးတိုးတက်ရန်အတွက် မိမိတို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏စီးပွားရေးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေ၏ ၇၂ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြသူများဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ရန် စဉ်းစားရမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ စီးပွားရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လူအများအတွက် လိုအပ်သည့် ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မှသာလျှင် ဝင်ငွေများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်အတွက် ပန်းတိုင်ရည်မှန်းချက်များ ချမှတ်ထားကြောင်း၊ မွေးမြူရေးလုပ်ငန်းတွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ တိုးတက်ခြင်းဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအားများ မြင့်တက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးမတိုးတက်ရခြင်း၏ အကြောင်းရင်းမှာလည်း ကုန်ထုတ်လုပ်မှုများ နည်းပါးနေခြင်းကြောင့်ပင်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ရာတွင် မြေပေါ်၊ မြေအောက်နှင့် ရေအောက် ကုန်ကြမ်းများမှ ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ မြေပေါ်ကုန်ကြမ်းများ ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် သေချာသည့် ကုန်ထုတ်လုပ်ငန်းများပင်ဖြစ်ကြောင်း၊ ပအိုဝ်းဒေသတွင် စပါးစိုက်ပျိုးရာ၌ တစ်ဧကချင်းအထွက်နှုန်းမှာ ၆၇ တင်းခန့်သာဖြစ်သည်ကို တွေ့ရှိရကြောင်း၊ တစ်ဧကချင်း အထွက်နှုန်းကို ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ပိုမိုစိုက်ပျိုးနိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အခြားသီးနှံများကိုလည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုကြောင်း။

ထို့ကြောင့် ပအိုဝ်းဒေသ၌ တစ်ဧကချင်းအထွက်နှုန်းများတိုးတက်ရေး ဆောင်ရွက်ရာတွင် အထွက်နှုန်းကောင်းမွန်သည့်မျိုးများ အသုံးပြုခြင်း၊ မြေကိုကောင်းမွန်အောင်ပြုပြင်ခြင်းနှင့် မြေဩဇာများ သုံးစွဲခြင်း၊ အောင်ရေများ ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ခြင်းနှင့် နည်းစနစ်တကျ စိုက်ပျိုးခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကိုလည်း ထိရောက်စွာအသုံးချရန်လိုကြောင်း၊ ယာစိုက်ပျိုးမှုများကို အားထားလွန်းပါက ရေများခန်းခြောက်လာနိုင်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်လာနိုင်ကြောင်း၊ ကော်ဖီနှင့် လက်ဖက်များ စိုက်ပျိုးထုတ်လုပ်ရာတွင်လည်း အထွက်နှုန်းများနည်းပါးနေသေးသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ယခုထက် တိုးတက်လာမည်ဖြစ်ကြောင်း။

ပအိုဝ်းဒေသအတွင်း၌ တိရစ္ဆာန်အစားအစာများ ထုတ်လုပ်နိုင်သည့် စိုက်ပျိုးရေးထွက်ကုန်များ ထွက်ရှိပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်းမွေးမြူရေးအစားအစာများ ထုတ်လုပ်နိုင်ရေးဆောင်ရွက်ပြီး မွေးမြူရေးလုပ်ငန်းများကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်နိုင်ကြောင်း၊ မွေးမြူရေးစားသောက်ကုန်များ ဈေးနှုန်းမြင့်မားရခြင်းမှာ ရောင်းလိုအားနှင့် ဝယ်လိုအားမမျှတခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်မားခြင်းများကြောင့်ပင်ဖြစ်ကြောင်း၊ ပအိုဝ်းဒေသအတွင်း မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ ထုတ်ကုန်များကို ပိုမိုဈေးနှုန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာစဉ်။

❍ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းမှာ ကုန်ထုတ်လုပ်မှုများ တိုးတက်ရေး၊ သွင်းကုန်အစားထိုးနိုင်ရေးနှင့် ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့နိုင်ရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတွင်း၌ ထုတ်ကုန်များ ပြည့်မီအောင်ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းနေရမှုများကို လျှော့ချနိုင်မည်

သက်သာစွာ ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ကြစေလိုကြောင်း၊ လိုအပ်သည့်ကုန်ကြမ်းများနှင့် ပတ်သက်၍ ပအိုဝ်းဒေသအတွင်း အများအပြားထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း။

စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ရေးအတွက် သွင်းအားစုများလိုအပ်ကြောင်း၊ လိုအပ်သည့်သဘာဝမြေဩဇာများ ရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဇီဝမြေဩဇာများကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ စက်သုံးဆီသုံးစွဲ၍ လျှပ်စစ်ဓာတ်အားသုံးစွဲခြင်းထက် ရေအားလျှပ်စစ်ကိုထုတ်ယူသုံးစွဲကြစေလိုကြောင်း၊ ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကို ဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဟိုပုံးမြို့ရှိ ဟိုပုံးရေထွက်ကြီး၌ ရေထွက်ထိန်းသိမ်းထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

လျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာမှုများရှိခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိမှသာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်လည်း လျှပ်စစ်ဓာတ်အားအသုံးပြု၍ ဆောင်ရွက်နိုင်ကြောင်း၊ ထို့ကြောင့် ပအိုဝ်းဒေသတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

သွင်းအားစုတွင်ပါဝင်သည့် တမာပိုးသတ်ဆေး ထုတ်လုပ်နိုင်ရေးအတွက်လည်း နိုင်ငံတော်မှ တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန်လိုအပ်သည့် အရင်းအနှီးများကိုလည်း သတ်မှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ စည်းကမ်းဥပဒေများနှင့်အညီ နိုင်ငံတော်မှ ထုတ်ချေးပေးလျက်ရှိကြောင်း၊ တစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုချေးငွေများကို ဦးစားပေးထုတ်ပေးလျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းအရည်အသွေး ပိုမိုကောင်းမွန်ရမည်ဖြစ်ကြောင်း။

ပညာရေးအားပေးဆောင်ရွက်

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများ လိုအပ်ကြောင်း၊ ပညာသင်နှစ်အလိုက် ပညာသင်ကြားသည့်ကျောင်းသားဦးရေများ နည်းပါးလာသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းမှုများ ရှိနေသေးကြောင်း၊ အတန်းပညာအားနည်းခြင်းကြောင့် အတတ်ပညာများ အားနည်းခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် အခက်အခဲများရှိကြောင်း၊ ယခုအခါ ခရိုင် ၅၀ ရှိအထက်တန်းကျောင်း ၅၁ ကျောင်းတွင် စက်မှု၊ စိုက်ပျိုးမွေးမြူရေးသင်တန်းများကို သင်ကြားနိုင်ရေး ဖွင့်လှစ်လျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် ထူးချွန်သည့်ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာပညာရပ်များအလိုက် အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လူသားအရင်းအမြစ်များ ကြွယ်ဝလာမည်ဖြစ်သဖြင့် ပညာရည်တိုးတက်စေရေး ဒေသအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပအိုဝ်းဒေသတိုးတက်ရေးအတွက် ပညာရေးကို အားပေးကြစေလိုကြောင်း။

စာမျက်နှာ ၆ သို့

စာမျက်နှာ ၅ မှ

MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းမှာ ကုန်ထုတ်လုပ်မှုများ တိုးတက်ရေး၊ သွင်းကုန်အစားထိုးနိုင်ရေးနှင့် ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့နိုင်ရေးရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတွင်း၌ ထုတ်ကုန်များပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို နိုင်ငံတော်မှကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပအိုဝ်းဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သည့် မြေများ ပေါများစွာရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် ပတ်သက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ပြီး အထွက်ကောင်းအောင် ဆောင်ရွက်ကြစေလိုကြောင်း။

ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍လည်း ပအိုဝ်းဒေသသည် အခြေခံကောင်းများ ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသသို့ လာရောက်လည်ပတ်သူများ များပြားလာစေရေးဒေသ၏ သန့်ရှင်းသာယာလှပရေး၊ မျက်စိပသာဒဖြစ်စေရေးတို့အတွက် ဒေသခံများက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် ပအိုဝ်းဒေသတွင် လုပ်ဆောင်လျက်ရှိသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအားဖြင့် အလုပ်လုပ်ရန်ဖြစ်ကြောင်း၊ အလုပ်လုပ်ရန်အတွက် လူသာလျှင် ပဓာနဖြစ်ကြောင်း၊ ထို့ကြောင့် ပအိုဝ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအတွင်း နေထိုင်ကြသူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကျက်သရေဆောင် စူဠာမုနိ လောကချမ်းသာစေတီတော်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တောင်ကြီးမြို့ ကျက်သရေဆောင် စူဠာမုနိ လောကချမ်းသာစေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များစသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့သည်။

ယနေ့ နေ့လယ်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟိုပုံးမြို့ရှိ ဟိုပုံးရေထွက်ကြီးသို့ ရောက်ရှိကြပြီး ရေထွက်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေကန်အတွင်းနှင့် ရေကန်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်လိုကြောင်း၊ ရေကန်ပတ်ဝန်းကျင်တွင် အမှိုက်များ စွန့်ပစ်မှုမရှိစေရေး ဒေသခံပြည်သူများကို ပညာပေးဆောင်ရွက်ရန်လိုကြောင်း၊ ရေကန်ဘောင်အား အကာအရံများ တပ်ဆင်ရန်နှင့် ရေကန်ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်များကို ရှင်းလင်းထားရန်လိုကြောင်း၊ ရေကန်သို့ လာရောက်ရေအသုံးပြုသူများ အဆင်ပြေစေရေး ရေချိုးရန်နေရာ သီးသန့်သတ်မှတ်ပေးရန်နှင့် ရေကန်ပတ်ဝန်းကျင်တွင် ပြည်သူများ လာရောက်အပန်းဖြေအနားယူနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားကာ ရေကန်အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မေ ၂၈ ရက် ညနေပိုင်းကလည်း ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ကျက်သရေဆောင် စူဠာမုနိလောကချမ်းသာစေတီတော်နှင့် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်သည်။

ယင်းနောက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး စေတီတော်ကြီးများအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စေတီတော်ကြီးများအား ရေရှည်တည်တံ့ခိုင်မြဲပြီး ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်ရန်အတွက် လိုအပ်သည်များကိုမှာကြားခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးများရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နတ်တလင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူ ၁၉၀၀၀ ကျော် လာရောက်အပ်နှံ

နတ်တလင်း မေ ၂၉

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် မေ ၂၃ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်၍ Kg တန်းမှ Grade-12 တန်းအထိ ကျောင်းသား ကျောင်းသူများအား နေ့စဉ်ကျောင်းအပ်နှံမှုလက်ခံဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၇ ရက်အထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၉၀၀၄ ဦးအထိ လာရောက်ကျောင်းအပ်နှံပြီးဖြစ်ကြောင်း သိရသည်။

နတ်တလင်းမြို့နယ်တွင် အထက်တန်း ၁၃ ကျောင်း၊ အလယ်တန်း ၄၇ ကျောင်း၊ မူလတန်း ၁၇၇ ကျောင်း စုစုပေါင်း ၂၃၇ ကျောင်းတို့တွင် ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း နေ့စဉ်ကျောင်းအပ်နှံမှုအား လက်ခံဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၇ ရက်အထိ အထက်တန်းအဆင့် ၁၆၇၂ ဦး၊ အလယ်တန်းအဆင့် ၃၇၂၇ ဦးနှင့် မူလတန်းအဆင့် ၁၃၆၀၅ ဦး စုစုပေါင်းကျောင်းသား ကျောင်းသူ ၁၉၀၀၄ ဦးကို ကျောင်းအပ်နှံမှုလက်ခံရရှိပြီးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၊ ဟိုပုံးတပ်နယ်ရှိ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံမှ နည်းပြအရာရှိများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

စွမ်းရည်ရှိသော တပ်မတော်၊ စွမ်းအားရှိသော တပ်မတော်ဖြစ်စေရေး စစ်သည်တစ်ဦးချင်း လေ့ကျင့်သားပြည့်ဝပြီး အရည်အသွေးပြည့်စုံရန်ဆောင်ရွက်

နေပြည်တော် မေ ၂၉
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၊ ဟိုပုံးတပ်နယ်ရှိ တပ်မတော် ကွန်ပျူတာနှင့် နည်းပညာသိပ္ပံမှ နည်းပြ အရာရှိများနှင့် သင်တန်းသားများအား အဆိုပါ သင်တန်းကျောင်းခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဟိုပုံးတပ်နယ်ရှိ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံမှ နည်းပြအရာရှိများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

များစွာအထောက်အကူဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာစစ်သည်တော်များကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ ယခုသင်တန်းတွင် တက်ရောက်နေကြသူများကို တပ်မတော်အင်ဂျင်နီယာကဏ္ဍ စွမ်းပကားများ တိုးတက်မြင့်မားလာစေရေး လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ သင်တန်းသားများ အနေဖြင့် သင်ကြားပေးသည့် အင်ဂျင်နီယာဘာသာရပ်များကို အမှန်တကယ် ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ယူကြရန်လိုကြောင်း၊ သင်တန်းကျောင်းအား အဆင့်မြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးထားပြီးဖြစ်ပြီး ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးထားသဖြင့် သင်တန်းသားများ၏ စိတ်ဓာတ်များလည်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု ယုံကြည်ကြောင်း၊ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်းသည် ရုပ်ပိုင်းဆိုင်ရာပြုပြင်ခြင်းဖြစ်သော်လည်း စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

စနစ်တကျရွေးချယ်သင်ကြား

သင်တန်းသားများ အနေဖြင့် သင်တန်းဆင်းပြီးနောက် သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့များအလိုက် ရောက်ရှိ တာဝန်ထမ်းဆောင်ချိန်တွင် သင်ကြားပေးလိုက်သည့် ပညာရပ်များ မှန်မှန်ကန်ကန်အသုံးချပြီး ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် တပ်မတော်ကို ကောင်းအောင်နှင့် မိမိကိုယ်ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေခြင်းပင် ဖြစ်သည်ကို နားလည်သဘောပေါက်ရန် လိုကြောင်း၊ သင်တန်းသားများကို စနစ်တကျ ရွေးချယ် သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်းပြီးသည့် သင်တန်းသားများအားလုံး အရည်အချင်းပြည့်မီသူများ ဖြစ်လာစေရေးအတွက် နည်းပြများမှ ကြပ်မတ် လေ့ကျင့်သင်ကြားပေးသွားရန် လိုကြောင်း၊ သင်တန်းသားများအားလုံး စစ်အတတ်ပညာနှင့် လုပ်ငန်းအတတ်ပညာများတွင် အရည်အချင်းပြည့်မီသူများ ဖြစ်ရန်လိုကြောင်း။

- **တပ်မတော်သားအားလုံးသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါရှိဘဲ မိမိတို့တစ်ဦးတစ်ယောက်ချင်း၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့ကြသူများဖြစ်**
- **တပ်မတော်အတွင်း၌ မှန်မှန်ကန်ကန်ဖြင့် ထိန်းထိန်းသိမ်းသိမ်း နေထိုင်ဆောင်ရွက်မည်ဆိုပါက ဘဝအတွက် တိုးတက်မှုများကို ရရှိမည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများ ပေးအပ်စဉ်။

မျက်ခြည်မပြတ်လေ့လာနေ

ပညာဟူသည်မှာသင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည်နှင့် မပြီးဆုံးဘဲ ကိုယ်တိုင်လည်း အမြဲမပြတ် လေ့လာနေရန်လိုကြောင်း၊ ထို့ကြောင့် လုပ်ငန်း ပမာဏများ ကျယ်ပြန့်လာသည်နှင့်အမျှ ပိုမိုလေ့လာ အားထုတ်ကြိုးပမ်းရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတာဝန် ဆောင်ရွက်သည့် လုပ်ငန်းများ တိုးတက်လာစေရေး မည်သို့ဆောင်ရွက်မည် ဆိုသည်ကို တီထွင်ကြံဆလုပ်ဆောင်ကြရန်လိုကြောင်း၊ ကျွမ်းကျင်သူများဖြစ်မှသာ ပညာရှင်များ ဖြစ်လာမည်ဖြစ်ကြောင်း၊ အားလပ်သည့်အချိန်များတွင် သက်ဆိုင်ရာပညာရပ်နှင့် ပတ်သက်သည့် စာပေများကို ဖတ်ရှုလေ့လာနေရန် လိုကြောင်း၊ အင်ဂျင်နီယာဘာသာရပ်များကို သင်ယူရာတွင် အင်္ဂလိပ်စာသည် မဖြစ်မနေ တတ်မြောက်ထားရန် လိုသည့်အတွက် လေ့လာလေ့ကျင့်သွားရန် လိုကြောင်း၊ ပညာရပ်များကို သင်ယူရာတွင် နေ့စဉ်သင်ကြားလေ့လာခြင်းဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်နိုင်မည် ဖြစ်ကြောင်း၊ မိမိတို့ တတ်ကျွမ်းသည့် ပညာရပ်များကို အပြည့်အဝအသုံးချခြင်းဖြင့် စွမ်းအားရှိသည့် တပ်မတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် ခေတ်သစ်စစ်နည်းဗျူဟာများ ပြောင်းလဲလာသည်ကို တွေ့ရသည့်အတွက် ခေတ်သစ်စစ်ပွဲများနှင့် ပတ်သက်၍လည်း မျက်ခြည်မပြတ် လေ့လာနေရန် လိုကြောင်း။

ထိန်းသိမ်းဆောင်ရွက်ရမည်

တပ်မတော်သားအားလုံးသည်မည်သူ တစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှ မပါရှိဘဲ မိမိတို့တစ်ဦးတစ်ယောက်ချင်း၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့ကြသူများဖြစ်ကြောင်း၊ တပ်မတော် အတွင်း၌ မှန်မှန်ကန်ကန်ဖြင့် ထိန်းထိန်းသိမ်းသိမ်း နေထိုင်ဆောင်ရွက်မည်ဆိုပါက ဘဝအတွက် တိုးတက်မှုများကို ရရှိမည် ဖြစ်ကြောင်း၊ မိမိတို့၏ ရည်မှန်းချက်များ ပျောက်ဆုံးမှုမရှိစေရေး မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပြီး မိမိတို့ ဘဝကို ထိခိုက်ပျက်စီးစေနိုင်သည့် မူးယစ်သောက်စားမှုများနှင့် အပျော်အပါးများကို ရှောင်ကြဉ်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အသိစိတ်ဖြင့် ထိန်းသိမ်း ဆောင်ရွက်သွားမည်ဆိုပါက ဘဝ တိုးတက်မှုအတွက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့် အကျင့်များကို မွေးမြူဆောင်ရွက်သွားရန် လိုပြီး ချမှတ်ထားသည့် စည်းကမ်းများ အတိုင်း လိုက်နာဆောင်ရွက်သွားမည် ဆိုပါက မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက်များ အောင်မြင်စေနိုင်မည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းမှစ၍ မိမိကိုယ်ကို တိုးတက်ကောင်းမွန်အောင် လေ့လာသင်ယူဆောင်ရွက်ကာ လူကောင်းလူတော်များ ပေါ်များလာမည် ဆိုပါက တပ်မတော်နှင့် တိုင်းပြည်သည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံတော်တွင် တိုင်းရင်းသား

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှ

ပြည်သူတစ်ရပ်လုံး လိုလားလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ဦးဆောင်ခဲ့သည့် အခြေအနေများနှင့် ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းခဲ့သည့် အခြေအနေများ၊ ဒီမိုကရေစီအစိုးရ သက်တမ်း နှစ်ခုတွင် တပ်မတော်အနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး လိုအပ်သည်များကိုလည်း အကြံပြုခဲ့သည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များ ချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများကို ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံသင်တန်းသား စားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံသင်တန်းကျောင်းအတွင်း စိုက်ပျိုးမွေးမြူရေး အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံသင်တန်းသား စားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ကျန်းမာရေး အခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ကြီးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသနေသူများအား ကျန်းမာရေးအခြေအနေများ မေးမြန်းစဉ်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ

နေပြည်တော် မေ ၂၉

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ ၃၁ ရက်အထိ သတ်မှတ်၍ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းအပ်လက်ခံခြင်းများကို မေ ၂၃ ရက်နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများအဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်ကြသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်၏ သတ္တမရက်ဖြစ်သည့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ၅၈၂၀၆၂ ဦးရှိပြီး ကျောင်းများ၏ လုံခြုံရေးနှင့် ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်သည့် ဆရာ ဆရာမများ၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ လုံခြုံရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ခရိုင်အဆင့် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၈ ရက်က ကော့ကရိတ်မြို့နယ် အ.ထ.က(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီး မြင့်မောင်မောင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဝေတို့က အမှာစကားပြောကြားကာ တာဝန်ရှိသူများက ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပစဉ်။

ခင်မျိုးဝင်း(ပြန်/ဆက်)

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင်အသုံးပြုမည့် ဖြတ်စက်များ လက်တွေ့အသုံးချသရုပ်ပြသမှုကို ကြည့်ရှု

စစ်တွေ မေ ၂၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့ နံနက်ပိုင်းက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် သစ်ပင်ဖြတ်စက်များ၊ သံဖြတ်စက်များနှင့် စွမ်းအားမြင့် ဟိုက်ဒရောလစ် ဖြတ်စက်များ လက်တွေ့အသုံးချ သရုပ်ပြသမှုကို ကြည့်ရှုပြီး**(ယာပုံ)** ချို့ယွင်းပျက်စီး တာဝါတိုင်များအား ၎င်းဖြတ်စက် ဖွယ်ရာများ ပေးအပ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုပေး

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အဖွဲ့တွင် စစ်တွေ ပြည်သူ့ဆေးရုံကြီးမှ သမားတော်ကြီး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွား၊ အရိုး၊ သားဖွားမီးယပ်၊ ကလေး၊ ခွဲစိတ်နှင့် စိတ်ကျန်းမာရေး အထူးကု ဆရာဝန်ကြီးများနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနမှ Medical Team နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်၍ စစ်တွေမြို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် ဒေသခံများ၏ ကျန်းမာရေးအခြေအနေကို မေးမြန်းပြီး အားပေးစကား ပြောကြားစဉ်။

ဆက်လက်၍ ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် စစ်တွေမြို့ ကမ်းနားလမ်းရှိ ကျောက်စီမြေထိန်းနံရံများ၊ ကွန်ကရစ်လမ်း၊ ပလက်ဖောင်းများ ပျက်စီးနေမှုနှင့် ပြန်လည်ပြုပြင် ဆောင်ရွက်သွားမည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်တို့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေး ဆိုင်ရာလုပ်ငန်းညှိနှိုင်း အစည်းအဝေး ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြန်လည်ဆောင်ရွက်ပေးနိုင်

ရခိုင်ပြည်နယ် အတွင်း ဆက်သွယ်ရေး အော်ပရေတာ စုစုပေါင်း လေးခု၏ မိုဘိုင်းစခန်း ၁၂၃၃ စခန်း ရှိသည့်အနက် ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် မိုဘိုင်းစခန်း ၉၀၄ စခန်း ဆက်သွယ်မှု ပြတ်တောက်ခဲ့ပြီး ကျန်စခန်း ၃၂၉ ခုဖြင့်သာ ဝန်ဆောင်မှုပေးခဲ့ရာမှ မြေပေါ်မြေအောက် ဖိုက်ဘာကေဘယ်လ်များ ပြုပြင်ခြင်း၊ အချို့သော မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းများကို ဖိုက်ဘာ ဆက်ကြောင်းများဖြင့် ပြောင်းလဲချိတ်ဆက်ခြင်းနှင့် များ အသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများကို အမြန်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ကြည့်ရှုအားပေး

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ ဒေသန္တရ ကျန်းမာရေးဌာနဝင်း အတွင်း စစ်တွေပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ခုတင်(၅၀)ဆံ့ စစ်တွေတိုင်းရင်းဆေးရုံမှ သမားတော်ကြီးများ မြေပြင်ကွင်းဆင်း၍ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် ကျန်းမာရေးအသိပညာပေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် ကျန်းမာရေး စောင့်ရှောက်မှုလာရောက်ခံယူကြသည့် လူနာများ၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းပြီး အားပေးစကားပြောကြားကာ စားသောက်

ဆက်သွယ်ရေးလိုင်းများ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

သို့ တက်ရောက်ပြီး လုပ်ငန်းကော်မတီအလိုက် တာဝန်ရှိသူများ၏ ပြန်လည်ထူထောင်ရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်

မိုဘိုင်းစခန်း ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ မေ ၂၉ ရက်အထိ မိုဘိုင်းစခန်း စုစုပေါင်း ၇၉၃ စခန်း ပြန်လည်ပြုပြင်နိုင်ခဲ့သဖြင့် စုစုပေါင်း မိုဘိုင်းစခန်း ၁၁၂၂ စခန်း ရာခိုင်နှုန်းအားဖြင့် ၉၁ ဒသမ ၀၀ ရာခိုင်နှုန်းဖြင့် ဆက်သွယ်ရေး ဝန်ဆောင်မှုများ ပြန်လည် ဆောင်ရွက်ပေးနိုင်ပြီဖြစ်သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရှမ်းပြည်နယ်အဆင့်၊ ခရိုင်အဆင့် တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် မေ ၂၉

နိုင်ငံတော် ဝန်ကြီးချုပ်၏ ပြည်တွင်းခရီးစဉ်တွင် လိုက်ပါလာသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ သစ်တောဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ဝန်ကြီးဌာနအောက်ရှိ သစ်တောကဏ္ဍ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ၊ သတ္တုရေးရာကဏ္ဍမှ ပြည်နယ်အဆင့်၊ ခရိုင်အဆင့် တာဝန်ခံများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှု အပေါ် ပြည်ထောင်စုဝန်ကြီးက ဦးစီးဌာန၊ လုပ်ငန်းအလိုက် ရည်မှန်းချက်များ ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ သစ်တောဖုံးလွှမ်းမှု တိုးတက်အောင် ဆောင်ရွက်ရန်၊ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းရေး၊ ရေဝေရေလဲဒေသများ ကာကွယ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်၊ တရားမဝင်သစ်နှင့် တရားမဝင် သတ္တုတူးဖော်ထုတ်လုပ်မှုများ မရှိအောင် စီမံချက်များ ချမှတ်ဆောင်ရွက်သွားရန်၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး ပြည်နယ် တာဝန်ခံများက ကြပ်မတ်သွားရန်၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပြည်နယ်/ခရိုင်/မြို့နယ် လျှပ်စစ်တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် မေ ၂၉

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ယနေ့ နံနက်ပိုင်းက တောင်ကြီးမြို့ရှိ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ ပြည်နယ်/ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဓာတ်အားခွဲရုံမှူးများ၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၅) တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းဝဏ္ဏ က ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှု၊ ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားခွဲရုံများ၊ စက်မှုဇုန်၊ မွေးမြူရေးဇုန်နှင့် ဘီလပ်မြေစက်ရုံများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားမှု၊ မိုခါမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်း ပျက်စီးသွားသော လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်၊ပြင်ဆင်နိုင်ရန်အတွက် ကျွမ်းကျင်ဝန်ထမ်းများ စေလွှတ်ထားမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ အမှတ်(၅) တည်ဆောက်ရေးညွှန်ကြားရေးမှူး ဦးတိုးလွင်က လက်ရှိ တည်ဆောက်လျက်ရှိသော အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း၏ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ၇၆ ဒသမ ၅၇ ရာခိုင်နှုန်းပြီးစီးနေမှု၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန်တွင် ၈၂ ဒသမ ၇၆ ရာခိုင်နှုန်း ပြီးစီးနိုင်ရေး ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအမံများနှင့် ၂၀၂၅ ခုနှစ်တွင် စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့် ပြီးစီးနိုင်ရေး ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံရေးအား အထူးဂရုပြု၍ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပြီးခဲ့သည့်နှစ်တွင် ရေအားစက်ရုံများ၏ ရေသိုလှောင်နိုင်မှု၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံများတွင် သဘာဝဓာတ်ငွေ့ရရှိမှုများကို ချိန်ဆ၍ ပြည်သူများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဓာတ်အားပေးစက်များအား ဝန်အားထိန်းညှိမောင်းနှင်၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ပေးခဲ့ရပါကြောင်း၊ လျှပ်စစ်ဓာတ်အားကို တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ရှမ်းပြည်နယ်အတွင်း ရေအားလျှပ်စစ်နှင့် အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ ထပ်မံတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ပါ၍ ဝန်ထမ်းများအနေဖြင့်လည်း ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်နေသည့်လုပ်ငန်းများအပေါ် အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် မိမိတို့၏ မြို့နယ်များအလိုက် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ တာဝန်ထမ်းဆောင်စဉ် အခက်အခဲရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်သကဲ့သို့ ဝန်ထမ်းများနှင့် အနီးကပ်ရှိနေသော တာဝန်ရှိသူများကလည်း လိုအပ်သည့် အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း မှာကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် မေ ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သည် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ရုံးများသို့ သွားရောက်စစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသေးစိတ် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

■ *ကျောဖုံးမှ*

အသီးသီးပို့ဆောင်

ထို့နောက် ၂၉ မီတာကမ်းထိုးရေယာဉ် ပထမအစင်းသည် သွပ်ချပ် ၈၀၀၀၊ တာပေါ်လင် အလိပ် ၇၀၊ သွားတိုက်တံ အချောင်း ၂၃၀၀၊ သွားတိုက်ဆေး (၂၅ ဂရမ်) ဘူး ၆၀၀၀၊ သွားတိုက်ဆေး (၇၅ ဂရမ်) ဘူး ၆၀၀၀၊ ၂၀ လီတာ ရေသန့်ဘူးအခွံ ၄၅ လုံး၊ သွပ်သံဖာ ၅၀၊ ခေါက်ဆွဲခြောက် ဖာ ၂၀၊ ဝေဖာ ဖာ ၂၀၊ ငါးသေတ္တာ ငါးဖာ၊ ဘီစကွတ် ငါးဖာ၊ ကြက်ဥ အလုံး ၂၀၀၀၊ စုစုပေါင်း ကုန်တန်ချိန် ၅၄ တန်အား စစ်တွေ ကမ်းထိုးရပ်၌ တင်ဆောင်၍ မြောက်ဦးကမ်းထိုးရပ်သို့ လည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် ဒုတိယအစင်းသည် ဘူးသီးတောင်နယ်မြေအတွက် တာပေါ်လင် (၄ x ၆၀) မီတာ ၃၀၊ တာပေါ်လင် အလိပ် ၅၀၊ သွားတိုက်တံ အချောင်း ၂၃၀၀၊ သွားတိုက်ဆေး (၂၅ ဂရမ်) ဘူး ၂၁၆၀၊ သွားတိုက်ဆေး (၇၅ ဂရမ်) ဘူး ၂၁၀၀၊ အဝတ်အထည် အထုပ်ကြီး ခြောက်ထုပ်၊ ကြက်ဥ ကတ် ၇၆၀၊ မောင်တောနယ်မြေအတွက် တာပေါ်လင် (၄၆၀) မီတာ ၂၄ ခု၊ တာပေါ်လင် အလိပ် ၅၀၊ အဝတ်အထည်အထုပ်ကြီး ခြောက်ထုပ်၊ ရသေ့တောင် နယ်မြေအတွက် အိမ်သာခွက် အစုံ ၆၀၊ ရေပုံးအကြီး ၈၉ ပုံး၊ ရေပုံးအသေး ၁၈၆ ပုံး၊ သံ လေးဖာ၊ ကြက်ဥကတ် ၁၅၀၊ ငါးခြောက် ၁၀ ပိဿာ၊ အမယ်စုံခြောက်ဖာ စုစုပေါင်းကုန်တန်ချိန် ၁၂ တန်တို့အား ရေချမ်းပြင် ကမ်းထိုးရပ်၌ တင်ဆောင်၍ ရသေ့တောင်သို့ လည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် တတိယအစင်းသည် သစ်တန်ချိန် ၂၇ တန်အား စစ်တွေကမ်းထိုး ရပ်၌ တင်ဆောင်၍ ရသေ့တောင်သို့ လည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် စတုတ္ထအစင်းသည် ဒီဇယ်ဆီ အလုံး ၂၀၊ သွပ်သံ ၁၁၆ ဖာ၊ တာပေါ်လင် ၄၄ လိပ်၊ မိုးကာတဲ အခု ၂၀၊ ခေါက်ဆွဲခြောက်ဖာကြီး ဖာ ၄၀၊ လူသုံးကုန်ပစ္စည်း ၇၅ ထုပ်၊ ကြက်ဥ ၂၈ ကတ်၊ အဝတ်အထည်အထုပ်ကြီး ၂၄ ထုပ်၊ ရေတုံကင် ၁၅ ခု စုစုပေါင်း ကုန်တန်ချိန် ၃၅ တန်ခန့်အား စစ်တွေ ကမ်းထိုးရပ်၌ တင်ဆောင်၍ မြောက်ဦးသို့ လည်းကောင်း ယနေ့ မွန်းလွဲပိုင်းတွင် အသီးသီး ပို့ဆောင်ပေးခဲ့သည်။

အမြန်ဆုံးဖြန့်ဝေပေး

အဆိုပါ စစ်ရေယာဉ်များမှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ အမြန်ဆုံး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် စစ်တွေမြို့နှင့် ကျောက်ဖြူမြို့တို့ရှိ နယ်မြေခံရေတပ်စခန်းများ ကြည့်ရှုစစ်ဆေးပြီး ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း

နေပြည်တော် မေ ၂၉

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်သည် ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး၊ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် နယ်မြေခံတပ်ဌာနချုပ်များအား လှည့်လည်ကြည့်ရှုပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ အားပေးစကားပြောကြားသည်။ ထို့နောက် ပြန်လည်ထူထောင်ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရေးတာဝန် ထမ်းဆောင်နေသော စစ်ရေယာဉ်မှူးများအား တွေ့ဆုံပြီး ပစ္စည်းများ အချိန်မီရောက်ရှိရေး၊ စနစ်တကျ သယ်ယူပို့ဆောင်ရေးနှင့် အမြန်ဖြန့်ခွဲရေးတို့အတွက် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ကျောက်ဖြူမြို့သို့ ဆက်လက်ထွက်ခွာခဲ့ပြီး တပ်မတော်(ရေ) စစ်ရေယာဉ်ဖြင့် သံဇစ်မြစ်ကြောင်းတစ်လျှောက် လှည့်လည်ကြည့်ရှု၍ နယ်မြေခံရေတပ် အခြေစိုက်စခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်၍ **(ယာပုံ)**လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စစ်တွေမြို့နယ် ခေါင်းဒုက္ခာကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာသူ ကျေးရွာသားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၉

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးသင့် ပြည်သူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ အထူးဆေးအဖွဲ့များ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ ဆေးကုသရေး အဖွဲ့များနှင့် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က ယနေ့တွင် စစ်တွေမြို့နယ် ခေါင်းဒုက္ခာကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများအား သွေးတိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အရိုး/အကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက် ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး **(ဝဲပုံ)** အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် ကျေးရွာမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျေးရွာသူ ကျေးရွာသားများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စစ်တွေမြို့နယ်အတွင်း မုန်တိုင်းကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အဆောက်အဦများ ပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ ယာယီနေထိုင်ရန် စီစဉ်ထားသည့် အဆောက်အဦများ ဆောင်ရွက်ထားရှိမှု၊ သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် အဝီစိတွင်းများ တူးဖော်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စစ်တွေမြို့ ရွှေစေတီပရိယတ္တိစာသင်တိုက်နှင့် နန္ဒာရာမပရိယတ္တိစာသင်တိုက်များသို့ သွားရောက်၍ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီးလှူအေး **(ယာပုံ)**သည် တာဝန်ရှိသူများနှင့်အတူ သောက်သုံးရေ ခက်ခဲနေသော လေပွေ့ရပ်ကွက်သို့ သောက်သုံးရေများ ဖြန့်ဝေပေးခြင်း၊ စေတီယျရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများနှင့် သောက်သုံးရေများ ဖြန့်ဝေပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပညာရေးဌာနမှ ဆရာ ဆရာမများအား မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်သို့ ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း **(အောက်ပုံ)** သည် တာဝန်ရှိသူများနှင့်အတူ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုခန်းမ၌ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု ၈၄ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ထို့အတူ သံတွဲမြို့သို့ ရောက်ရှိနေသော ဗိုလ်ချုပ် စိုးနိုင်ဦးသည် တာဝန်ရှိသူများနှင့်အတူ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးခြင်း၊ အခြေခံပညာကျောင်းအသီးသီးမှ ကျောင်းသားကျောင်းသူများအား ကျောင်းသုံးစာအုပ်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ၎င်းနောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်လည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း အစည်းအဝေးကို တက်ရောက်ခဲ့ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အလားတူ မြေပုံမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် တာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့်အတူ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းဇယားများ မှန်ကန်စေရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အသိပေး နှိုးဆော်ပန်ကြားခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄) ဝါသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက်၊ (ကြာသပတေးနေ့)၊ ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဗန်းမော်ကျောင်းတိုက်၌ ပူဇော်ထားရှိပါသဖြင့် ရဟန်းရှင်လူပြည်သူအပေါင်းတို့ လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည်။

၂။ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားကို နိုင်ငံတော် အဆင့်နှင့်လျော်ညီစွာ ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်၊ အင်္ဂါနေ့ ညနေပိုင်းတွင် ဗန်းမော်ကျောင်းတိုက်ရှိ ယာယီစံကျောင်းတော်မှ ချမ်းမြသာစည်လေဆိပ်ပဟောင်းသို့ အောက်ဖော်ပြပါလမ်းမများအတိုင်း ပင့်ဆောင်သွားမည်ဖြစ်ပါ၍ ရဟန်းရှင်လူပြည်သူများအနေဖြင့် ဗန်းမော်ကျောင်းတိုက်နှင့်ချမ်းမြသာစည်လေဆိပ်ဟောင်းတို့တွင်လည်းကောင်း၊ ပင့်ဆောင်ရာ လမ်းကြောင်းတစ်လျှောက် လမ်း၏ ဘေးဘယ်ညာတွင်လည်းကောင်း လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည် –

(က) ၃၉ လမ်း မှ ၇၃ လမ်းအတိုင်း

(ခ) ၇၃ လမ်း မှ ၃၈ လမ်းအတိုင်း

(ဂ) ၃၈ လမ်း မှ ၇၈ လမ်းအတိုင်း

(ဃ) ၇၈ လမ်းမှ ချမ်းမြသာစည်လေဆိပ်ဟောင်း

၃။ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန ပူဇာသဘင်အတွက် ရဟန်းရှင်လူပြည်သူများမှ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများအား ကိုယ်တိုင်ကိုယ်ကျလှူဒါန်းလိုပါက ဗန်းမော်ကျောင်းတိုက်ရှိ အလှူခံမဏ္ဍပ်တွင် လာရောက်လှူဒါန်းနိုင်ပါကြောင်းနှင့် အောက်ပါပုဂ္ဂိုလ်များထံသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည် –

(က) ဒေါ်မော်လီစိန်း ဖုန်းနံပါတ်– ၀၉–၄၄၁၀၁၉၂၈၃

(ခ) ဦးစိုးမိုးသိမ်း ဖုန်းနံပါတ်– ၀၉–၉၇၀၈၂၃၆၈၈

အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်၊ ဆရာတော်ကြီးများထံမှ ဩဝါဒများခံယူ ရုပ်ကလာပ်တော်အား တေဇောဓာတ်မီးပူဇော်ရန် လောင်တိုက်ပြာသာဒ်တည်ဆောက်နေမှုအား သွားရောက်ကြည့်ရှု

မန္တလေး မေ ၂၉

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီးသည် သက်တော် ၉၄ နှစ် သိက္ခာတော် ၇၄ ဝါအရ မြန်မာသက္ကရာဇ် ၁၃၈၅ခုနှစ် နယုန်လဆန်း ၇ ရက် ၂၀၂၃ ခုနှစ် မေ ၂၅ ရက် (ကြာသပတေးနေ့)ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဗန်းမော်ကျောင်းတိုက်တွင် ပူဇော်ထားလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ကာ(**ယာပုံ**) ဩဝါဒါစရိယဆရာတော်ကြီးများထံ ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနပူဇာသဘင်အခမ်းအနားနှင့် ရုပ်ကလာပ်တော်အား တေဇောဓာတ်မီးပူဇော်မည့် အခမ်းအနားများနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လျှောက်ထားတင်ပြ၍ လိုအပ်သည်များကို ဆရာတော်ကြီးများထံမှ ဩဝါဒများ ခံယူခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနပူဇာသဘင် အခမ်းအနားကျင်းပမည့် ချမ်းမြသာစည်လေဆိပ်ဟောင်းသို့ ရောက်ရှိပြီး ဦးစီးကော်မတီများနှင့် လုပ်ငန်းကော်မတီများမှ အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ဆရာတော်ဘုရားကြီး၏ဥတုဇရုပ်ကလာပ်တော်အား တေဇောဓာတ်မီးပူဇော်မည့် လောင်တိုက်ပြာသာဒ်

တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမစျာပန ပူဇာသဘင်အခမ်းအနားနှင့် အရိုးဓာတ်ပြာတော်များအားရောဝတီမြစ်အတွင်း ရေမျှောပူဇော်ရေးအခမ်းအနားများနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနပူဇာသဘင် အခမ်းအနားနှင့် အရိုးဓာတ်ပြာတော်များအား ဧရာဝတီမြစ်အတွင်း ရေမျှောပူဇော်အခမ်းအနားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ညွှန်ကြားချက်များနှင့်အညီ အခမ်းအနားများကို နိုင်ငံအဆင့်နှင့်လျော်ညီစွာ ကျင်းပသွားမည်ဖြစ်ရာ ဦးစီးကော်မတီများနှင့် လုပ်ငန်းကော်မတီများက ကဏ္ဍများအလိုက်လုပ်ငန်းတာဝန်များအပေါ် အလေးအနက်ထားကာ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သာသနာရေးနှင့်ပတ်သက်သော လုပ်ငန်းများဖြစ်သည့်အတွက် ဆရာတော်ကြီးများထံမှ ဩဝါဒများခံယူကာ ဘာသာရေး ထုံးတမ်းအစဉ်အလာအတိုင်း အမှားအယွင်းမရှိစေဘဲ စနစ်တကျ စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် လိုအပ်သည်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူးတို့က နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ကျင်းပသည့်အခမ်းအနား ဖြစ်သည့်အတွက် ကဏ္ဍများအလိုက်လုပ်ငန်းများဆောင်ရွက်ရာတွင် လစ်ဟာမှုမရှိစေရေးအချင်းချင်း ချိတ်ဆက်ဆောင်ရွက်သွားရေး၊ ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား စံကျောင်းတော်၌ ပူဇော်ထားရှိစဉ်နှင့် စံကျောင်းတော်မှ ကရဝိက်ဖောင်တော်ယာဉ်ဖြင့် တေဇောဓာတ်မီးပူဇော်မည့်နေရာသို့ ပင့်ဆောင်ရာလမ်းတစ်လျှောက် ရဟန်းရှင်လူ မိဘပြည်သူများ ပူဇော်ဖူးမြော်ကြရာတွင် အဆင်ပြေချောမွေ့စေရေး၊ ဆရာတော်ဘုရားကြီး၏ ပုံတော်များ၊ အဆိုအမိန့်များ၊ ဩဝါဒစကားများ ရေးသားဖော်ပြထားသည့်လမ်းဖြတ်ဗီနိုင်းများ ချိတ်ဆွဲပူဇော်သွားရေး စသည်ဖြင့် အခမ်းအနားများနှင့် ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနပူဇာသဘင် အခမ်းအနားနှင့် အရိုးဓာတ်ပြာတော်များအား ဧရာဝတီမြစ်အတွင်း ရေမျှောပူဇော်ရေးအခမ်းအနားများကို နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ တင်ပြဆွေးနွေးသည့်အပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်

နေပြည်တော် မေ ၂၉

၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာ သင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ လည်းကောင်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်နယ် ခန်းမ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ လည်းကောင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် ပုသိမ်မြို့ရှိ ဧရာဝတီခန်းမ၌လည်းကောင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် အေးချမ်းဖြိုး ခန်းမ၌ လည်းကောင်း အသီးသီးပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက အမှာစကားများ ပြောကြားပြီး ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေများ၊ ကျောင်းဝတ်စုံများနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ထူးခြားသည့်အခြေအနေ

နေပြည်တော် မေ ၂၉

ထူးခြားသည့်အခြေအနေမှာ ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "မဝါ" သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ကာ အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

သွေးလွန်တုပ်ကွေးရောဂါနှင့် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုးအမျိုးအစား စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်လိုအပ်

နေပြည်တော် မေ ၂၉

ကျန်းမာရေးဝန်ကြီးဌာန၏ (၂၀၂၃) ခုနှစ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက hybrid စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း က သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုသည် ကမ္ဘာပေါ်တွင် တစ်နှစ်လျှင် လူဦးရေ သန်း ၄၀၀ ခန့် ကူးစက်ဖြစ်ပွားလျက် ရှိကြောင်း၊ ရောဂါဖြစ်ပွားမှုအနေဖြင့် မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့တွင် အများဆုံး ဖြစ်ပွားကြောင်း၊ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသည့် အသက်အရွယ်ကို လေ့လာသုံးသပ်ချက်အရ ယခင်က အသက် (၁၅) နှစ်အောက်တွင် ဖြစ်ပွားမှုများပြားသော်လည်း လွန်ခဲ့သည့် ၁၀ နှစ်ကျော်မှစ၍ အသက် (၁၅) နှစ်အထက် အသက်အရွယ် အုပ်စုများတွင်ပါ ဖြစ်ပွားမှု များပြားလာသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုသည် ၂၀၂၀ ပြည့်နှစ်တွင် ရောဂါဖြစ်ပွားသူ ၁၅၁၃၁ ဦး၊ သေဆုံးသူ ၆၈ ဦး၊ ၂၀၂၁ ခုနှစ်တွင် ဖြစ်ပွားသူ ၅၄၄၆ ဦး၊ သေဆုံးသူ ၃၆ ဦးနှင့် ၂၀၂၂ ခုနှစ်တွင် ဖြစ်ပွားသူ ၂၄၉၇၁ ဦး၊ သေဆုံးသူ ၉၇ ဦးရှိခဲ့ပြီး နှစ်စဉ်ရောဂါကြောင့် ပျမ်းမျှ သေဆုံးမှုအနေဖြင့် ၀ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိ၍ သေဆုံးမှုနှုန်းအနေဖြင့် ဒေသတွင်း နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ပိုမိုမြင့်မားခြင်း မရှိသည်ကို တွေ့ရှိရကြောင်း။

၂၀၂၃ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၂၀ ရက်အထိ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားသူ ၁၇၁၇ ဦးနှင့် သေဆုံးသူ ခုနစ်ဦးရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ဖြစ်ပွားမှု များပြားနေသည်ကို တွေ့ရှိရကြောင်း။

သွေးလွန်တုပ်ကွေး ရောဂါသည် ထိရောက်သောကာကွယ်ဆေးများ မရှိသေးခြင်း၊ ကုသရန်ဗိုင်းရပ်စ်ပိုးသတ်ဆေးများ မရှိသေးသည့်အတွက်ကြောင့် ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများနှင့် ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဂရုစိုက်ဆောင်ရွက်ရန် လိုပါကြောင်း၊ ခြင်မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းနှင့် ခြင်ကျားပိုးလောက်လမ်း နှိမ်နင်းခြင်း၊ သက်ကြီးကောင် ခြင်နှိမ်နင်းခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ခြင်မကိုက်အောင် နေထိုင်ခြင်းနှင့် သွေးလွန်တုပ်ကွေး ရောဂါသည် မူကြိုအရွယ်ကလေးများနှင့် မူလတန်း ကျောင်းသူ ကျောင်းသားများဖြစ်သည့် အသက် ၅ နှစ်မှ ၉ နှစ်အရွယ်တွင် ရောဂါဖြစ်ပွားမှု အများဆုံးဖြစ်၍ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ “ခြင်ကျားလောက်လမ်း ကင်းစင်ကျောင်းများ” ထူထောင်ခြင်းကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ် ဆက်စပ်လျက်ရှိသော ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှု၊ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာများတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၏ ကူညီပံ့ပိုးမှု၊ စည်ပင်သာယာရေးကော်မတီ၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းနှင့် လူမှုရေး အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင် ပံ့ပိုးကူညီမှုများ လိုအပ်ပါကြောင်း။

သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးအတွက် လိုအပ်သည့် Abate (ပိုးလောက်လမ်း သေဆေး)၊ သွေးလွန်တုပ်ကွေး အမြန်သွေးစစ်ကိရိယာ (RDT)၊ ပညာပေးဗီနိုင်း၊ လုပ်ငန်းလမ်းညွှန်စာအုပ်များနှင့် ခြင်ဆေးဖျန်းစက် (Thermal Fogging Machine) များနှင့် ကုသရေးဆိုင်ရာဆေးဝါးများကို အကျိုးရှိထိရောက်စွာ အသုံးချရန် လိုအပ်ကြောင်း။

သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေးနှင့် ကုသရေးများတွင် အရေးပါသည့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများနှင့် သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်ပိုး အမျိုးအစား စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး)မှ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေနှင့် ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက် ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များအား တင်ပြဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပြည်နယ်/တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခများနှင့် အထူးကုဆရာဝန်ကြီးများ၊ တာဝန်ရှိသူများ၊ နီးနွယ်ဝန်ကြီးဌာနများနှင့် မိတ်ဖက်လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုယ်စားလှယ်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

မြန်အောင်မြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မြန်အောင် မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်သစ်တောဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၂၃ ခုနှစ်၊ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က မျှင်ဝါးတောင်ကျေးရွာအုပ်စုရှိ ပုသိမ်-မုံရွာကားလမ်းဘေး မိုင်တိုင် (၈၂/၅)အနီး ရွှေသမင်ကြိုးဝိုင်းအကွက် အမှတ် (၁၈) ၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး အောင်စိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်ကျော်၊ ဟင်္သာတခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အုန်းကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျွန်း၊ ပျဉ်းကတိုး၊ မန်ဂျန်ရှား၊ မဟော်ဂနီ၊ ယူကလစ် စသည့်အပင်ပေါင်း ၁၇၅၀ တို့အား စုပေါင်းစိုက်ပျိုးသည်။

မြန်အောင်မြို့နယ် သစ်တောဦးစီးဌာနက ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၁၄၀၀၀၀ ကျော်ကို မြို့နယ်အတွင်းရှိ သစ်တောဘိနယ်စခန်း ငါးခုနှင့် နိုင်ငံပိုင်သစ်တောစိုက်ခင်းများရှိ ပျိုးဥယျာဉ်များအတွင်း ပျိုးထောင်ထားရှိကြောင်း သိရသည်။

ဝင်းဗိုလ် (မြန်အောင်)

○ *ကျော့ဖုံးမှ*

မြန်မာအသင်းသည် အုပ်စုအနေအထားအရ နောက်တစ်ဆင့် တက်ရောက်နိုင်ရန် ရှန်းကန်ရဖွယ်ရှိနေသည်။ မြန်မာအသင်းသည် မေလအတွင်းက ကျင်းပသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သောအသင်းကို အခြေခံဖွဲ့စည်းမည်ဖြစ်ပြီး ယခုနှစ်အတွင်း ဒုတိယမြောက်ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲလည်းဖြစ်သည်။

အာဆီယံ ယူ-၂၃ ပြိုင်ပွဲကို လေးကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ၂၀၀၅၊ ၂၀၁၉ နှင့် ၂၀၂၂ ခုနှစ်တွင် ကျင်းပပြီးနောက် ယခုနှစ်တွင် ထပ်မံကျင်းပခြင်းဖြစ်သည်။ မြန်မာအသင်းသည် ၂၀၀၅ နှင့် ၂၀၁၉ ခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ် ပြိုင်ပွဲတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုများကြောင့် နုတ်ထွက်ခဲ့သည်။

ရဲရင့်လွင်

နိုင်ငံတကာသတင်း

အာဖရိကနှင့် အရှေ့အလယ်ပိုင်း၌ ငတ်မွတ်ခေါင်းပါးမှု လျော့ပါးသက်သာစေရန် ဩစတြေးလျထောက်ပံ့

ကင်ဘာရာ မေ ၂၉

ဩစတြေးလျအစိုးရက အာဖရိကနှင့် အရှေ့အလယ်ပိုင်း၌ ငတ်မွတ်ခေါင်းပါးမှု လျော့ပါးသက်သာစေရန်အတွက် ရန်ပုံငွေတိုးမြှင့်ရန် ကြေညာခဲ့ကြောင်း သိရသည်။

အစိုးရက မြင့်မားလာသည့် စားနပ်ရိက္ခာဖူလုံရေး အကျပ်အတည်းကို တုံ့ပြန်ရန်နှင့် အရှေ့အလယ်ပိုင်းနှင့် အာဖရိကရှိ ထိခိုက်လွယ်အုပ်စုများကို ကူညီထောက်ပံ့ရန် လူသားချင်းစာနာမှု အရေးပေါ်ရန်ပုံငွေမှ ဩစတြေးလျဒေါ်လာ ၂၉ သန်း (အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၉ သန်း) ကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ပန်နီဝေါင်းက မေ ၂၉ ရက်တွင် ပြောကြားသည်။

ရန်ပုံငွေတစ်ဝက်ကျော်မှာ ကင်ညာ၊ အီသီယိုပီးယားနှင့် ဆိုမာလီယာနိုင်ငံတို့မှ မိုးခေါင်ရေရှားဒေသများရှိ ပြည်သူများ၏ လူသားချင်းစာနာထောက်ထားမှု၊ နေရာရွှေ့ပြောင်းမှုနှင့် အကာအကွယ်ပေးရေး လိုအပ်ချက်များကို ဖြေရှင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှစကာ ကမ္ဘာတစ်ဝန်း အစားအစာလုံလောက်မှုမရှိသူ အရေအတွက်မှာ သန်း ၃၅၀ အထိ တိုးလာကြောင်း ဖက်ဒရယ်အစိုးရ၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း မဝါ ချဉ်းကပ်မှုကြောင့် သတိရှိစွာနေထိုင်ကြရန် အာဏာပိုင်များက သတိပေးထား

မနီလာ မေ ၂၉

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း လူဇွန်ကျွန်းရှိဒေသခံများသည် အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း မဝါချဉ်းကပ်လာသောကြောင့် ၎င်းတို့ဘေးကင်းလုံခြုံစေရန် ကြိုးစားနေကြောင်း သိရသည်။ ချဉ်းကပ်လာသည့် တိုင်ဖွန်းမုန်တိုင်းသည် လူဇွန်မြောက်ပိုင်းရှိ ကုန်းတွင်းပိုင်းကို ဝင်ရောက်နိုင်ဖွယ်မရှိကြောင်းနှင့် ကြီးမားသည့် ပျက်စီးမှုသတင်းများ လက်ခံမရရှိကြောင်း နိုင်ငံ၏ သဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်များက ပြောကြားသည်။ သို့သော်လည်း အခြားသဘာဝဘေးများအတွက် သတိရှိရှိ နေထိုင်ကြရန် အာဏာပိုင်များက ဒေသခံများကို သတိပေးလျက်ရှိသည်။ မေ ၂၉ ရက် နံနက်ပိုင်းအထိ လူပေါင်း ၄၈၀၀ ခန့်မှာ ဒေသတွင်း အစိုးရအဖွဲ့က ဆောင်ရွက်ထားသည့် အမိုးအကာများသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။ မူလတန်းနှင့် အလယ်တန်းကျောင်း စုစုပေါင်း ၁၀၉ ကျောင်းမှ အတန်းများကို ပယ်ဖျက်ထားပြီး ပြည်တွင်းလေကြောင်း ၃၂ ခုကို မေ ၃၀ ရက်တွင် ပယ်ဖျက်ထားကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ရန်ပုံငွေပဒေသာဖျော်ဖြေပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေး

ရန်ကုန် မေ ၂၉

မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင် ပူးပေါင်းတင်ဆက်မှုဖြင့် ရန်ပုံငွေပဒေသာဖျော်ဖြေပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ဌာနဆိုင်ရာများ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင် ကျင်းပသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကနှင့် ဥက္ကဋ္ဌ၊ ရုပ်ရှင်ဒါရိုက်တာများ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင် နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ရန်ပုံငွေပဒေသာကပွဲကြီး စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပနိုင်ရန် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်မှ တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် တိုက်တွန်း ပြောကြားသည်။

ရန်ပုံငွေပဒေသာကပွဲကြီးကို ဇွန် ၂ ရက်မှ ၄ ရက်အထိ ၃ ရက်တိုင် ညနေ ၆ နာရီမှ ၉ နာရီခွဲအထိ ဖျော်ဖြေသွားမည်ဖြစ်ပြီး လာရောက်ကြည့်ရှု အားပေးကြမည့် ပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့စေရန် YBS ယာဉ်လိုင်းများနှင့် တက္ကစီများ စီစဉ်ထားရှိမှု၊ ရန်ပုံငွေ ပဒေသာကပွဲကြီး မစတင်မီနှင့် ဖျော်ဖြေနေစဉ်အတွက် သဒ္ဓါတရားထက်သန်ကြသည့် အလှူရှင်များ လှူဒါန်းနိုင်ရန် စီမံဆောင်ရွက်ထားမှု၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် လက်မှတ်များ ရရှိနိုင်ရန် စီမံ ဆောင်ရွက်ထားမှုတို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်နေသူများက တင်ပြ ဆွေးနွေးကြသည်။

မိုခါမုန်တိုင်းဒဏ်သင့်ဒေသမှ ပြည်သူများအတွက် အမျိုးသားဇာတ်ရုံတွင် ကျင်းပမည့် ရန်ပုံငွေပဒေသာ ဖျော်ဖြေပွဲကြီးတွင် လက်မှတ်များကို ငွေကျပ် ၅၀၀၀ မှ ငွေကျပ် ၃၀၀၀၀ အထိ မေ ၂၉ ရက်မှစတင်၍ အမျိုးသားကဇာတ်ရုံနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့တွင် ရောင်းချပေးလျက်ရှိပြီး ငွေကျပ် ၅၀၀၀ အတွက် ထိုင်ခုံ ၄၈၂ ခုံ၊ ငွေကျပ် ၁၀၀၀၀ အတွက် ထိုင်ခုံ ၁၃၆ ခုံ၊ ငွေကျပ် ၂၀၀၀၀ အတွက် ထိုင်ခုံ ၁၀၂ ခုံ၊ ငွေကျပ် ၃၀၀၀၀ အတွက် ထိုင်ခုံ ၃၀၈ ခုံတို့ကို ရောင်းချပေးလျက်ရှိသည်။

ရုပ်ရှင်၊ ဂီတ၊ သဘင် အစည်းအရုံးမှ အနုပညာရှင်တို့၏ စုပေါင်းအားဖြင့် ဖျော်ဖြေတင်ဆက်သွားမည့် ရန်ပုံငွေပွဲကြီးအတွက် မေ ၃၀ ရက်တွင် အနုပညာရှင်များ ဇာတ်တိုက် လေ့ကျင့်သွားမည်ဖြစ်ပြီး အနုပညာရှင်တို့၏ စည်းလုံးညီညွတ်မှု၊ ပြည်သူအတွက် အနုပညာစွမ်းအားဖြင့် အစဉ်ပေးဆပ်မှုတို့ဖြင့် ရန်ပုံငွေပွဲကြီးတွင် ရုပ်ရှင်၊ ဂီတ၊ သဘင်မှ အနုပညာရှင်များ၏ စွမ်းရည်ကို တွေ့မြင်ရမည်ဖြစ်ရာ အဆိုပါပဒေသကပွဲမှ ရရှိသော ရန်ပုံငွေများအား မိုခါမုန်တိုင်းဒဏ်သင့်ဒေသမှ ပြည်သူတို့အတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ-ကနူး

သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၉

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရွာဟောင်းကျေးရွာနှင့် အလယ်စုကျေးရွာအား သောက်သုံးရေများ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စစ်တွေမြို့မှ ရောက်ရှိလာသော ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများအား သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ထို့အတူ မောင်တောမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ပေါက်တောပြင် (ခ) တန်းအေးကျေးရွာတွင် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ သောက်သုံးရေများ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက် ပေးလျက်ရှိသည်။ ထို့အပြင် ရသေ့တောင်မြို့နယ် ဒုံးပိုက်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမှ သံဃာတော်များအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ဒေသခံပြည်သူများအား သောက်သုံးရေ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စေတီယျရပ်ကွက်တွင် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းခြင်းကို ဆောင်ရွက်ပေးလျက်ရှိပြီး လေပွေ့ရပ်ကွက်တွင် သောက်သုံးရေ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် တာဝန်ရှိသူများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် သဘာဝဘေးဒဏ်သင့် ဒေသခံပြည်သူများအား ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးအပ်ကြပြီး ကျောင်းဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အလားတူ မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် တာဝန်ရှိသူများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရွှေဂိုတောင်ရပ်ကွက်ရှိ လမ်းဘေး ဘယ်/ညာမှ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံ ဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

နေပြည်တော် မေ ၂၉

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဟင်းသီးဟင်းရွက်များ၊ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော် စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေး အခက်အခဲ ဖြစ်ပေါ်နေချိန်တွင်သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများ ကသွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $ တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

နေပြည်တော်	ရန်ကုန်မြို့	မန္တလေးမြို့
ဒေါ်လဲ့လဲ့အေး ညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၀၅၀ ၀၉-၂၀၂၁၄၉၁	ဦးသန်းစိုး ညွှန်ကြားရေးမှူး ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ရန်ကုန် တိုင်းဒေသကြီး ဦးစီးမှူးရုံး ၀၉-၂၅၀၁၂၃၈၈၅	ဦးအေးမင်းသူ ညွှန်ကြားရေးမှူး ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန မန္တလေးတိုင်း ဒေသကြီး ဦးစီးမှူးရုံး ၀၉-၄၂၀၇၀၈၈၂၇
ဦးဝင်းရွှေ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၀၄၈ ၀၉-၂၅၄၁၇၀၀၁၁	ဒေါ်သန်းသန်းဝင်း ဒုတိယ ညွှန်ကြားရေးမှူး ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ရန်ကုန်တိုင်း ဒေသကြီး ဦးစီးမှူးရုံး ၀၉-၄၂၀၇၄၀၁၆၀	
ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၃၁၆ ၀၉-၄၃၀၅၄၈၄၄		

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၅-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၈၇၉	၁၉၅၁
95 Ron	၁၉၈၂	၂၀၅၆
HSD (500 ppm)	၁၈၁၄	၁၈၈၀
HSD (50 ppm)	၁၈၈၈	၁၉၅၅
HSD (10 ppm)	၁၈၈၈	၁၉၅၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆
၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၈ ဦး တွေ့ရှိ

(၂၉-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၅-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၆၉၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၆၃၀,၆၄၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၈,၇၂၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၇,၆၉၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

စားမြုံ့ပြန်တိရစ္ဆာန်များ မွေးမြူဖွံ့ဖြိုးရေး အာဟာရဆေးလျက်ဆားတုံးအသုံးပြုပေး

မှူး(မွေး/သု)

မြန်မာနိုင်ငံနှင့် နွားမွေးမြူရေး

မြန်မာနိုင်ငံရှိလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည်။ မြန်မာနိုင်ငံတွင် အဓိကမွေးမြူသော ဒေသနွားမျိုးများမှာ ရှွေနီ၊ ပြာစိမ်းနှင့် ရှမ်းပုနွားမျိုးများဖြစ်သည်။ ယခင်က ဒေသနွားမွေးမြူရေးကို လယ်ယာလုပ်ငန်းခွင်များ၌ အသုံးပြုရန် မိရိုးဖလာနည်းအရ တစ်ပိုင်တစ်နိုင် မွေးမြူခဲ့ကြသော်လည်း ယခုအခါတွင် အသားစားနွားမျိုးအဖြစ် ပြောင်းလဲတိုးချဲ့မွေးမြူလာကြသည်။ နွားမွေးမြူရေးလုပ်ငန်း ထုတ်လုပ်မှုကောင်းမွန်စေရန်အတွက် အာဟာရဓာတ်ပါဝင်မှုမြင့်မားသည့် နွားစာများ ပြုပြင်ကျွေးမွေးရန်လိုအပ်သကဲ့သို့ နွားများ၏ကျန်းမာရေးကိုပါ ဂရုစိုက်ရန်လည်း လိုအပ်သည်။

တိရစ္ဆာန်ဖြည့်စွက်စာများ၏ အရေးပါပုံ

မွေးမြူထုတ်လုပ်ရေးလုပ်ငန်းတွင် တိရစ္ဆာန်အစာသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပေရာ မွေးမြူထုတ်လုပ်ရေးနည်းပညာများ ခေတ်မီတိုးတက်လာသည်နှင့်အမျှ တိရစ္ဆာန်အစာလုံလောက်ရုံမျှနှင့် မပြည့်စုံနိုင်ဘဲ အသုံးပြုကျွေးမွေးသော အစာများကို အာဟာရဓာတ်ပြည့်ဝစွာပါဝင်အောင် ဖော်ထုတ်အသုံးပြုနိုင်မှုသည်လည်း အရေးကြီးသော အခန်းကဏ္ဍဖြစ်လာသည်။ မြန်မာနိုင်ငံရှိ ကျွဲ၊ နွားများကို များသောအားဖြင့် သဘာဝစားကျက်ခင်းများတွင် လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူကြပြီး ယခုအခါ လှန်ကျောင်းမှ လှောင်မွေးစနစ်သို့ ပြောင်းလဲမွေးမြူလာကြပြီး ခြောက်သွေ့၍ အစာရှားပါးသော ရာသီတွင်မူ အရည်အသွေးနိမ့်ပြီး အာဟာရဓာတ်ပါဝင်မှုနည်းပါးသော အစာကြမ်းများနှင့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများဖြစ်သည့် ကောက်ရိုး၊ မြက်ခြောက်၊ ပဲမှော်၊ ပြောင်းရိုးစသည်တို့အပေါ်၌ မှီခိုနေရသည်။ ထို့ကြောင့် အာဟာရဓာတ်ပါဝင်မှုမြင့်မားသည့် ဖြည့်စွက်စာကျွေးခြင်းဖြင့် အာဟာရပြည့်ဝ၍ ကြီးထွားနှုန်းပိုမိုကောင်းမွန်လာစေမည်ဖြစ်သည်။

နွားမွေးမြူရေးနှင့် ကပ်ပါးရောဂါ

မြန်မာနိုင်ငံကဲ့သို့သော အပူပိုင်းဒေသရှိ ရာသီဥတုအခြေအနေနှင့် တိရစ္ဆာန်အများစု ဘုံသုံးစားကျက်များတွင် စုပေါင်းလွှတ်ကျောင်းခြင်းသည် နွားများတွင် အူတွင်းကပ်ပါးသန်ကောင်ရောဂါဖြစ်ပွားမှုမြင့်မားစေသဖြင့် မွေးမြူထုတ်လုပ်မှုတွင် ဆုံးရှုံးမှုများစွာဖြစ်စေနိုင်သည်။ သန်ကောင်ရောဂါစွဲကပ်နေပါက တိရစ္ဆာန်မှစားသုံးလိုက်သော အစာအာဟာရများကို သန်ကောင်များမှ စားသုံးလိုက်သဖြင့် လိုအပ်သောအာဟာရများ အပြည့်အဝမရရှိနိုင်သောကြောင့် ကြီးထွားနှုန်းရပ်တန့်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ သွေးအားနည်းခြင်း၊ ကိုယ်ခံအားကျဆင်းပြီး အခြားရောဂါများကူးစက်လွယ်ခြင်းစသည်တို့ကို ဖြစ်စေသည်။ သန်ကောင်ရောဂါကို ကုသနိုင်ခြင်းမရှိပါက အထူးသဖြင့် နွားငယ်များတွင် သေဆုံးသည်အထိ ဖြစ်စေနိုင်ပြီး မွေးမြူသူများ၏ စီးပွားရေးကို ထိခိုက်စေနိုင်သည်။

ယူရီးယားသကာတုံးအကြောင်း တစေ့တစောင်း

ယူရီးယားသကာတုံးဆိုသည်မှာ တစ်နည်းအားဖြင့် ဖြည့်စွက်သတ္တုဓာတ်တုံး (အာဟာရလျက်ဆားတုံး) တစ်မျိုးဖြစ်ပြီး စားမြုံ့ပြန်သတ္တဝါများဖြစ်သည့် ကျွဲ၊ နွား၊ သိုးနှင့် ဆိတ်များအတွက် ယူရီးယား၊ သကာရည်နှင့် တိရစ္ဆာန်အတွက် လိုအပ်သော အခြားအာဟာရဓာတ်များ ရောနှောကာ ဖော်စပ်ပြုလုပ်ထားသည့် လျှာနှင့်လျက်၍ စားနိုင်သော အာဟာရဖြည့်စွက်အစာတုံး ဖြစ်သည်။ ယူရီးယားသကာတုံးသည် ၁၉၈၃ ခုနှစ်တွင်စတင်ပေါ်ပေါက်လာခဲ့ပြီး အာဟာရတန်ဖိုးနည်းပါးသော တိရစ္ဆာန်အစာကို အခြေခံနေရသော ဖွံ့ဖြိုးဆဲနိုင်ငံများ၌ တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်။ ယူရီးယားသကာတုံး ဖြည့်စွက်ကျွေးမွေးခြင်းဖြင့် အစာစားနှုန်းကောင်းမွန်စေခြင်း၊ အစာချေဖျက်နှုန်းကောင်းမွန်စေခြင်း၊ တိရစ္ဆာန်မှ အာဟာရရရှိမှုမြင့်မားစေခြင်းတို့အပြင် အစာချေဖျက်နှုန်းကောင်းမွန်စေသော အချဉ်ဓာတ်ပေါက်စေသည့် နိုက်ထရိုဂျင်ဓာတ်၊ စွမ်းအင်ဓာတ်နှင့် အာဟာရဓာတ်များကို တိုက်ရိုက်ရရှိစေခြင်းဖြင့် စားမြုံ့ပြန်သတ္တဝါများအတွက် အလွန်အသုံးဝင်သော ဖြည့်စွက်စာတစ်မျိုးဖြစ်သည်။ ထို့ပြင် အာဟာရဓာတ် တန်ဖိုးနည်းပါးသော တိရစ္ဆာန်အစာကို အခြေခံနေရသော မွေးမြူသူတောင်သူများအတွက် အလွယ်တကူရရှိနိုင်ပြီး ကုန်ကျစရိတ် သက်သာသည့် တိရစ္ဆာန်အာဟာရချို့တဲ့မှု ပြဿနာကို ဖြေရှင်းနည်းတစ်မျိုးဖြစ်သည်။

ယူရီးယားသကာတုံးထဲတွင် ပါဝင်သောပစ္စည်းများ

(၁) **ယူရီးယား**။ ယူရီးယားဆိုသည်မှာ ပရိုတင်းမဟုတ်သော နိုက်ထရိုဂျင်ဒြပ်ပေါင်းတစ်မျိုးဖြစ်ပြီး စားမြုံ့ပြန်သတ္တဝါများ၏ အူအတွင်းရှိ အကျိုးပြုဗက်တီးရီးယားများကို တိုးပွားစေပါသည်။ ထို့ပြင် တိရစ္ဆာန်များအတွက် အသားဓာတ်ရာခိုင်နှုန်း (crude protein–CP%) ကို ထောက်ပံ့ပေးနိုင်ပြီး အစာချေဖျက်နိုင်စွမ်းကိုလည်း ပိုမိုကောင်းမွန်စေသည်။ ယူရီးယား သကာတုံးထဲတွင် ၁၀–၁၂ ရာခိုင်နှုန်းအထိ ထည့်သွင်းဖော်စပ်နိုင်သည်။

(၂) **သကာရည်**။ သကာရည်သည် စွမ်းအင်ဓာတ်နှင့် အခြားအာဟာရဓာတ်များ ထောက်ပံ့ပေးပြီး အနံ့အရသာပိုမိုကောင်းမွန်စေရန်အတွက် အသုံးပြုကြသည်။ ယူရီးယားသကာတုံးထဲတွင် ၄၀–၅၀ ရာခိုင်နှုန်းအထိ ထည့်သွင်းဖော်စပ်နိုင်သည်။

(၃) **ဖွဲနု၊ ပဲဖတ်**။ ဖွဲနုနှင့် ပဲဖတ်များကို အသားဓာတ် ရာခိုင်နှုန်း (CP%) ကောင်းမွန်စေရန်အတွက် ထည့်သွင်းဖော်စပ်ကြပြီး အခြားအသားဓာတ် အရင်းအမြစ်များဖြစ်သည့် ပဲနှစ်၊ နှမ်းဖတ်နှင့် ဝါစေ့ဖတ်များကိုလည်း ထည့်သွင်းဖော်စပ်နိုင်သည်။

(၄) **ဆား**။ ဆားသည် အရသာကောင်းမွန်စေရန် အငန်ဓာတ်(ဆိုဒီယမ်) နှင့် အရိုးများ သန်မာစေသော (ကယ်ဆီယမ်ဓာတ်) များ ထောက်ပံ့ပေးရန် ထည့်သွင်းဖော်စပ်ကြသည်။

(၅) **ထုံး**။ ထုံးသည် အရိုးများ သန်မာစေရန် ကယ်ဆီယမ်ဓာတ်များ ထောက်ပံ့ပေးရန် ထည့်သွင်းဖော်စပ်ကြသည်။ ဘိလပ်မြေနှင့် ထုံးပေါင်းစပ်၍ မာကျောစေပြီး ကျွဲ၊ နွားများအလွယ်တကူ ကိုက်ဝါးစားခြင်းမှ ရှောင်ရှားနိုင်မည်ဖြစ်သည်။

ယူရီးယားသကာတုံးပြုလုပ်ပုံအဆင့်ဆင့်

ဖွဲနု၊ ပဲဖတ်၊ ဗီတာမင်ဓာတ်(ဩဇာဓာတ်) နှင့် သတ္တုဓာတ်တို့ကို စနစ်တကျ အချိုးအစားတွက်ချက်ပြီး ချိန်တွယ်ကာ သမအောင်ရောစပ်ရမည်။ သကာရည်ကို ထပ်မံရောထည့်၍ သမအောင်ရောစပ်ရမည်။ ယူရီးယားကို ရေအနည်းငယ်ဖြင့်ဖျော်၍ ထပ်မံရောစပ်ပြီး နောက်ဆုံးတွင် ဘိလပ်မြေ၊ ထုံးနှင့် ဆားတို့ကိုရောစပ်ကာ သမအောင်မွှေရမည်။ သန်ချဆေးရောနှောလိုပါက သန်ချဆေးထည့်ကာ ရရှိလာသော အရောအနှောကို လိုအပ်သော အလေးချိန် (၁ ကီလိုဂရမ်) ချိန်တွယ်၍ ပုံစံခွက်ထဲသို့ထည့်ကာ ၃ ရက်မှ ၇ ရက်ခန့် အခြောက်ခံပြီးပါက တိရစ္ဆာန်များ အသင့်စားသုံးနိုင်သည့် ယူရီးယားသကာတုံး ရရှိပြီဖြစ်သည်။ ဖွဲနုနှင့် ပဲဖတ်များအစား ပဲနှစ်၊ နှမ်းဖတ်နှင့် ဝါစေ့ဖတ် စသည့်ဒေသထွက် အစာကုန်ကြမ်းပစ္စည်းတို့ကိုလည်း ထည့်သွင်းဖော်စပ်နိုင်သည်။



သန်ချဆေးရောနှောယူရီးယားသကာတုံးကျွေးမွေးသည့် သုတေသနရလဒ်ပုံပြမျဉ်းဂရပ်

ယူရီးယားသကာတုံး ကျွေးမွေးနှုန်း

- ❒ တစ်နှစ်ပတ်လုံးကျွေးမွေးနိုင်သည်။
- ❒ အသက်ခြောက်လနှင့်အထက် စားမြုံ့ပြန် သတ္တဝါများဖြစ်သည့် ကျွဲ၊ နွား၊ သိုးနှင့် ဆိတ်များကိုသာ ကျွေးမွေးရမည်။
- ❒ ကျွေးမွေးသည့်အခါ လျှာဖြင့် တဖြည်းဖြည်း လျက်၍ စားသုံးစေနိုင်ရန် စီစဉ်ကျွေးမွေးရမည်။
- ❒ ၂၄ နာရီ ကာလပတ်လုံးသောက်နိုင်ရန် လုံလောက်သော သောက်သုံးရေထားပေးရမည်။
- ❒ ကျွဲ၊ နွားကြီးများတွင် တစ်ရက်လျှင် (၂၀–၅၀) ကျပ်သား ကျွေးနိုင်သည်။
- ❒ ခြောက်လအထက် နွားငယ်များတွင် (၁၀–၁၅) ကျပ်သား ကျွေးနိုင်သည်။
- ❒ သိုး၊ ဆိတ်များတွင် တစ်ရက်လျှင် (၄–၆) ကျပ်သား ကျွေးနိုင်သည်။

ယူရီးယားသကာတုံးထဲတွင် သန်ချဆေး ရောနှောကျွေးမွေးခြင်း

စားမြုံ့ပြန်သတ္တဝါများတွင် ကပ်ပါးသန်ကောင်ရောဂါကို ကာကွယ်ကုသရန်အတွက် သန်ချဆေးများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသည်။ ထိုသန်ချဆေးများကို ထိုးနှံရုံသာမက အစာထဲတွင်ထည့်၍ ရောနှောတိုက်ကျွေးနိုင်သည်။ သန်ချဆေးအုပ်စုများအနက် Benzimidazole အုပ်စုတွင်ပါဝင်သော သန်ချဆေးများသည် တစ်ကြိမ်တည်းထိုးနှံခြင်းထက် အစာထဲတွင် ပမာဏနည်းနည်းနှင့် အချိန်ကြာကြာရောနှောတိုက်ကျွေးခြင်းမှာ ပိုမိုဆေးစွမ်းထက်ကြောင်း သုတေသနရလဒ်များအရ လေ့လာသိရှိရသည်။ ယခုအခါ သန်ချဆေးများကို အစာထဲတွင် ရောနှောကျွေးရုံသာမက ယူရီးယားသကာတုံးထဲတွင်ပါ ရောနှောကျွေးမွေးလာကြောင်း နိုင်ငံတကာ သုတေသနများအရ လေ့လာသိရှိရသည်။ သကာတုံးထဲတွင် သန်ချဆေးရောနှော ကျွေးမွေးခြင်းသည် တိရစ္ဆာန်အတွက် လိုအပ်သော အာဟာရဓာတ်များ ဖြည့်စွက်ပေးနိုင်ရုံသာမက ခန္ဓာကိုယ်ကြီးထွားနှုန်း မြင့်မားစေခြင်း၊ သန်ချဆေးကို တိရစ္ဆာန်၏ခန္ဓာကိုယ်တွင်း၌ အချိန်ကြာကြာ ဆေးစွမ်းရရှိစေနိုင်သည့်

စာမျက်နှာ ၁၇ သို့

ယူရီးယားသကာတုံး ဖြည့်စွက်ကျွေးမွေးခြင်းဖြင့် အစာစားနှုန်းကောင်းမွန်စေခြင်း၊ အစာချေဖျက်နှုန်း ကောင်းမွန်စေခြင်း၊ တိရစ္ဆာန်မှ အာဟာရရရှိမှုမြင့်မားစေခြင်း တို့အပြင် အစာချေဖျက်နှုန်း ကောင်းမွန်စေသော အချဉ်ဓာတ်ပေါက်စေသည့် နိုက်ထရိုဂျင်ဓာတ်၊ စွမ်းအင်ဓာတ်နှင့် အာဟာရဓာတ်များကို တိုက်ရိုက်ရရှိစေခြင်း ဖြင့် စားမြုံ့ပြန် သတ္တဝါများအတွက် အလွန်အသုံးဝင်သော ဖြည့်စွက်စာတစ်မျိုးဖြစ်သည်။ ထို့ပြင် အာဟာရဓာတ်တန်ဖိုးနည်းပါးသော တိရစ္ဆာန်အစာကို အခြေခံ နေရသော မွေးမြူသူတောင်သူများအတွက် အလွယ်တကူရရှိနိုင်ပြီး ကုန်ကျစရိတ် သက်သာသည့် တိရစ္ဆာန်အာဟာရချို့တဲ့မှု ပြဿနာကို ဖြေရှင်းနည်းတစ်မျိုးဖြစ်သည်

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစစ်အေးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Committee for External Relations of St. Petersburg ၏ Vice Chairman Vyacheslav G. Kalganov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့နှင့် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂၉

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစစ်အေးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Committee for External Relations of St. Petersburg ၏ Vice Chairman ဦးဆောင်သော North–West Institute of Management of Russian Presidential Academy of National Economy and Public Administration (NWIM RANEPA) တက္ကသိုလ်မှ ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။ (ယာပုံ)

ပညာသင်စေလွှတ်ရေး အစီအစဉ်များ ပူးပေါင်းဆောင်ရွက်ရန် အမြင်ချင်းဖလှယ်ဆွေးနွေး

ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ NWIM RANEPA တို့အကြား နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်လျက်ရှိသော ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းများနှင့် အဆင့်မြင့်အရာထမ်းသင်တန်းများတွင် သင်ခန်းစာများ လာရောက်ပို့ချရန် ကိစ္စ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များရှိ ဆရာ / ဆရာမများအား ToT သင်တန်းများ အပြန်အလှန်ပေးခြင်း၊ သင်ကြားရေးအတွေ့အကြုံများ ဖလှယ်ခြင်း၊ သင်တန်းအလိုက် ပို့ချလျက်ရှိသည့် ဘာသာရပ်များအား Review and Revise ပြုလုပ်ရာတွင် Update ဖြစ်စေရေးနှင့် သုတေသန လုပ်ငန်းများတွင် အထောက်အကူပြုမည့် နည်းပညာနှင့် စာကြည့်တိုက်ကိစ္စရပ်များ ကူညီပံ့ပိုးပေးခြင်းကိစ္စများ၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာ နှစ်နိုင်ငံအပြန်အလှန် လေ့လာရေးခရီးစဉ်များ သွားရောက်ရန်ကိစ္စ၊ ပညာသင်စေလွှတ်ရေး အစီအစဉ်များ ပူးပေါင်းဆောင်ရွက်ရန်နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုဆိုင်ရာ အတွေ့အကြုံများ ပူးပေါင်းဆောင်ရွက်နိုင်ရေး အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

တက်ရောက်ခဲ့

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ အမြဲတမ်းအတွင်းဝန် ဦးအောင်တင်စိုး၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) မှ ပါမောက္ခချုပ် ဦးကျော်စိုး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ် ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာမီဒီယာများအတွက် နျူကလီးယားစွမ်းအင်ဆိုင်ရာ အသိပညာမျှဝေဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မေ ၂၉

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း “ROSATOM” တို့အကြား နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းစွာအသုံးချရေးရည်ရွယ်ချက်ဖြင့် ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုးထားသည့် “နျူကလီးယားစွမ်းအင်အပေါ် ပြည်သူလူထု၏ အပြုသဘောဆောင်သော သဘောထားအမြင်များ ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ”အရ မြန်မာမီဒီယာများအတွက် နျူကလီးယားစွမ်းအင်ဆိုင်ရာ အသိပညာမျှဝေဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ နျူကလီးယား နည်းပညာသတင်းအချက်အလက်စင်တာ၌ ကျင်းပသည်။

တက်ရောက်ဆွေးနွေး

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း “ROSATOM” မှ ကိုယ်စားလှယ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံအတွင်းရှိ သတင်းမီဒီယာဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM မှ ဆက်သွယ်ရေးဌာန၏ အကြီးအကဲ Mr. Andrey Timonov တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

နျူကလီးယားစွမ်းအင်ပိုမိုသိရှိရန်

ထို့နောက် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာမှ တာဝန်ရှိသူနှင့် Strana Rosatom သတင်းဌာန အယ်ဒီတာချုပ်တို့က နျူကလီးယားနည်းပညာနှင့် နျူကလီးယားစွမ်းအင်ဆိုင်ရာ အသိပညာများကို ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသည့် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်း၍ ဉာဏ်စမ်းပဟေဠိများကို ဖြေဆိုကြကာ ဘေးအန္တရာယ်ကင်းရှင်းပြီး ယုံကြည်စိတ်ချမှုရှိသည့် သန့်ရှင်းသည့် စွမ်းအင်အမျိုးအစားဖြစ်သည့် နျူကလီးယားစွမ်းအင်နှင့် ပတ်သက်၍ ပိုမိုသိရှိနားလည်လာစေရန် သတင်းမီဒီယာများအား ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၁၆ မှ

နည်းလမ်းတစ်ခုဖြစ် သည်။ ထို့ပြင် ယူရီးယားသကာတုံးကို ဒေသထွက်ကုန်ကြမ်းများဖြင့် အလွယ်တကူပြုလုပ်နိုင်ခြင်းနှင့် ဆေးကုသစရိတ်သက်သာခြင်းတို့ကြောင့် ကုန်ကျစရိတ်သက်သာသည့် နည်းလမ်းတစ်ခုလည်း ဖြစ်သည်။

နိုင်ငံတကာသုတေသန တွေ့ရှိချက်များ

၂၀၁၄ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ နို့စားနွား၊ အသားစားနွားများတွင် စမ်းသပ်ခဲ့ရာ သန်ချဆေးရောနှောထားသော ယူရီးယားသကာတုံး ကျွေးခြင်းဖြင့် နို့ထွက်နှုန်း ၄၆ ဒသမ ၅၆ ရာခိုင်နှုန်း တိုးလာကြောင်း၊ ကိုယ်အလေးချိန် သိသိသာသာ တိုးလာကြောင်း၊ အစာစားနှုန်းတိုးလာကြောင်းနှင့် သန်ကောင်ရောဂါအပေါ် သိသိသာသာ နှိမ်နင်းနိုင်ကြောင်း သုတေသနရလဒ်များအရ သိရှိရသည်။

၂၀၁၉ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ဆိတ်များတွင် စမ်းသပ်ခဲ့ရာ သန်ချဆေးရောနှောထားသော ယူရီးယားသကာတုံးကျွေးခြင်းဖြင့် ကိုယ်အလေးချိန် သိသိသာသာတိုးလာကြောင်းနှင့် သန်ကောင်ရောဂါအပေါ် သိသိသာသာနှိမ်နင်းနိုင်ကြောင်း သုတေသနရလဒ်များအရ သိရသည်။

မွေးမြူရေးသုတေသန ဦးစီးဌာန၏ သုတေသနတွေ့ရှိချက်များ

သန်ကောင်ရောဂါစွဲကပ်နေသော ဒေသ နွားပြာစိမ်း ၁၂ ကောင်ကို တစ်အုပ်စုလျှင် လေးကောင်နှုန်းဖြင့် ကိုယ်အလေးချိန်နှင့် စစ်ဆေးတွေ့ရှိသည့် သန်ကောင်အရေအတွက်ပေါ် မူတည်ကာ သုံးအုပ်စုခွဲ၍ စမ်းသပ်သည်။ ညဘက်တွင် အုပ်စုတစ်စုလျှင် အကန့်တစ်ကန့်ခွဲ၍ ခြံလှောင်ခဲ့ပြီး နေ့ဘက်တွင် ပုံမှန်အတိုင်း စားကျက်ခွဲခြား၍ လွှတ်ကျောင်းသည်။ အုပ်စု(၁) ကို သန်ချဆေးရောစပ်ထားသည့် ယူရီးယားသကာတုံးကျွေးပြီး အုပ်စု(၂) ကို သန်ချဆေးမပါသော ယူရီးယားသကာတုံးကျွေးကာ အုပ်စု(၁)နှင့် (၂)တို့ကို ၂၈ ရက်ကြာ သီးသန့်ကျွေးသည်။ အုပ်စု(၃) ကိုမူ မည်သည့်သကာတုံးမျှမကျွေးဘဲ စံပြုအုပ်စုအဖြစ် သဘာဝအတိုင်းထားသည်။ အုပ်စု(၁)၌ ကျွေးပြီး ၂၈ ရက်တွင် ပျမ်းမျှသန်ဥအရေအတွက်မှာ သုညအထိကျဆင်းသွားပြီး သန်ချဆေး၏နှိမ်နင်းနိုင်စွမ်းမှာ ၁၀၀ ရာခိုင်နှုန်း ရှိသည်။ ကျွေးပြီး ၅၈ ရက်အကြာတွင် နှိမ်နင်းနိုင်စွမ်း ၅၅ ရာခိုင်နှုန်းဖြစ်ပြီး ဆေးစွမ်းရှိနေသေးသည်ကို လေ့လာတွေ့ရှိရသည်။ သို့သော် ၈၈ ရက်အကြာတွင်မူ နှိမ်နင်းနိုင်စွမ်း မရှိတော့ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် သန်ချဆေးရောနှောထားသောယူရီးယားသကာတုံးကို ကျွေးပါက ရက်ပေါင်း ၆၀ နီးပါး သန်ကောင်ရောဂါအပေါ် နှိမ်နင်းနိုင်ကြောင်း လေ့လာသိရှိရသည်။ ပျမ်းမျှကိုယ်အလေးချိန် ရလဒ်များအရ အုပ်စု(၁) တွင် သကာတုံးမကျွေးမီထက် ကိုယ်အလေးချိန် တဖြည်းဖြည်း မြင့်တက်လာပြီး အခြားအုပ်စုများထက် ကိုယ်အလေးချိန် သိသိသာသာမြင့်တက်ကြောင်း တွေ့ရှိရသည်။

သန့်ချဆေးရောနှောထားသော ယူရီးယားသကာတုံးပုံ

သန်ချဆေးယဉ်ပါးမှုမဖြစ်စေရေး၊ မွေးမြူသူများ ရေရှည်လွယ်ကူစွာ အသုံးပြုနိုင်ရေး၊ ဈေးနှုန်းသက်သာစွာရရှိနိုင်ရေးအတွက် စားမြုံ့ပြန် တိရစ္ဆာန်ငယ်ဖြစ်သော ဆိတ်များတွင်လည်း သုတေသနများ ဆက်လက်ဆောင်ရွက်ခြင်းနှင့် မွေးမြူသူများကို နည်းပညာဖြန့်ဖြူးပေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အစာလည်းဆေး ဆေးလည်းအစာ

သန်ချဆေးရောနှောထားသော ယူရီးယားသကာတုံးများသည် နွားများ၏ကြီးထွားနှုန်းအပေါ် သက်ရောက်မှုရှိကြောင်းနှင့် သန်ကောင်ရောဂါအပေါ် နှိမ်နင်းနိုင်စွမ်းရှိကြောင်း၊ ရေရှည်ကျွေးမွေးရန်မလိုအပ်သောကြောင့် ဆေးယဉ်ပါးမှုပြဿနာကို ကြိုတင်ကာကွယ်ပြီးဖြစ်ကြောင်း၊ အစာရှားပါးချိန်တွင် ဖြည့်စွက်ကျွေးမွေးပါက ကြီးထွားမှုနှင့် တိုးတက်နှုန်းကို ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းကို မွေးမြူရေးသုတေသနဦးစီးဌာနမှ သုတေသနပြုလုပ်ချက်များအရ တွေ့ရှိခဲ့ရသဖြင့် ဆေးအတွက်သာမက အစာအာဟာရဓာတ်အဖြစ်လည်း ထောက်ပံ့ပေးနိုင်သည့် အာဟာရဖြည့်စွက်စာအဖြစ် အသုံးပြုနိုင်ကြောင်း နည်းပညာကို ရေးသားဖြန့်ဝေ တင်ပြလိုက်ရပါသည်။ ॥

ကျောက်ဆည်ခရိုင်၌ ဝါသီးနှံများ(မိုးကြို) အောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် ဝါသီးနှံများ (မိုးကြို) စိုက်ပျိုးမှုအနေဖြင့် စဉ့်ကိုင်မြို့နယ်၌ ဧက၂၁၀ နှင့် မြစ်သားမြို့နယ်၌ ၁၀၀၉ ဧက စုစုပေါင်း ၁၂၁၉ ဧက စိုက်ပျိုးလျက်ရှိကြောင်း၊ ဝါသီးနှံများ(မိုးကြို)ကို ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလများတွင် စတင်စိုက်ပျိုးပြီး ဇူလိုင်နှင့်ဩဂုတ်လများတွင် ရိတ်သိမ်းမည်ဖြစ်ကြောင်း၊ ဝါသီးနှံများ(မိုးနှောင်း)ကို ဩဂုတ်တွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာတွင် စတင်ထွက်ရှိမည်ဖြစ်ကြောင်း၊ မျိုးအနေဖြင့် တောင်သူအများစုမှ ငွေချည်(၆)နှင့် (ရာကာ)အိန္ဒိယမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ဝါတစ်ဧကလျှင် မျိုးတစ်ထုပ်ခွဲမှ နှစ်ထုပ်အထိ စိုက်ပျိုးရပြီး တစ်ထုပ်လျှင်ငွေကျပ် ၃၂၀၀၀ ဖြင့်ဝယ်ယူရကြောင်း၊ ဝါသီးနှံတစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ စုစုပေါင်း ငွေကျပ် ၇၀၀၀၀၀ ကုန်ကျကြောင်း သိရသည်။

အထွက်နှုန်းအနေဖြင့် ယခင်နှစ်၌ ဝါ တစ်ဧကလျှင် ပိဿာချိန် ၆၀၀-၇၀၀ ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ထွက်ရှိလာသော ဝါများကို မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်နှစ်၌ ဝါတစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀-၃၅၀၀၊ ဝါစေ့တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀ နှင့် ဝါဂွမ်းတစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀-၇၄၀၀ ဈေးများရရှိကြောင်း၊ ယခုနှစ်တွင် ဝါသီးနှံများ ထွက်ပေါ်ခြင်းမရှိသေးဘဲ စိုက်ပျိုးထားသော ဝါသီးနှံများ (မိုးကြို) အောင်မြင်ဖြစ်ထွန်းနေကြောင်း သိရှိရသည်။

DOCA (မန္တလေး)

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန် ၂၈-၅-၂၀၂၃ ရက်နေ့ ကုန်သွယ်မှုအခြေအနေ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် မေ ၂၈ ရက်တွင် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၉၀၄ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ၂ ဒသမ ၀၉၅ သန်း၊ ကုန်သွယ်မှုပမာဏကန်ဒေါ်လာ ၂ဒသမ ၉၉၉ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ငရုတ်သီး ၁၅၈ ဒသမ ၂၄ တန်၊ ခဲ၊ သွပ်အရောသတ္တု ၁၄၀ ဒသမ ၅ တန်၊ ပုစွန်ခြောက် ၁၅ ဒသမ ၉၆၄ တန်၊ သရက်သီး၂၀၇ ဒသမ ၉၀ တန်၊ ငါးရှဉ့် ၁၇ ဒသမ ၈ တန်၊ ခဲသတ္တု တန် ၁၇၀၊ ကဏန်း ၁၃ ဒသမ ၁၈ တန်၊ ဝါဂွမ်း ၁၆ တန်၊ မန်ကျည်းမှည့် ၆၈ တန်နှင့် အလူမီနီယံသတ္တု ၂၁ ဒသမ ၆၅ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့်ယာဉ်ယန္တရားများ၊ ဓာတ်မြေဩဇာ၊ ပဲမှုန့်၊ ပိတ်လိပ် ၁၀၀ ရာခိုင်နှုန်းပိုလီစတား)၊ အမျိုးသမီးလစဉ်သုံးတွင်သုံးသည့်ကုန်ကြမ်း၊ ဖိနပ်မျိုးစုံ၊ သံချောင်း၊ ဘက်ထရီ၊ ကလေးစက်ဘီးနှင့် ပြည်တွင်းတပ်ဆင်ရေးလုပ်ငန်းတွင် အသုံးပြုသော SKD စနစ်ဖြင့် တင်သွင်းသည့်ဆိုင်ကယ်အင်ဂျင်(MIC)တို့ဖြစ်သည်။

ယခုနှစ် မေ ၁ ရက်မှ ၂၈ ရက်အထိ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၃၃ ဒသမ ၆၃၉ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၆၇ ဒသမ ၆၆၇ သန်း၊ ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၁၀၁ ဒသမ ၃၀၆ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်သည်။ MACCS စနစ်အရ ငွေလဲနှုန်းတစ်ယွမ်လျှင် ၃၀၀ ဒသမ ၈၇၆ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်းကောင်း မွန်လျက်ရှိကြောင်း သိရသည်။

၂၂-၅-၂၀၂၃ ရက်မှ ၂၈-၅-၂၀၂၃ ရက်အတွင်း အများဆုံးအမှန်တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ကျောက်စိမ်းအတွဲ ၂၀ ဒသမ ၉၀၉ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၄၂၄ သန်း၊ ငရုတ်သီးခြောက် ၉၀၉ ဒသမ ၆၈၇ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၃၀၈ သန်း၊ သရက်သီး ၁၈၂၄ တန်၊ တန်ဖိုးကန်ဒေါ်လာ ၀ ဒသမ ၇၇၅ သန်း၊ ငါးရှဉ့် ၁၇၂ ဒသမ ၃၂ တန်၊ တန်ဖိုး ၀ ဒသမ ၆၂၆ ဒေါ်လာသန်း၊ ကဏန်း ၁၄၅ ဒသမ ၅၂၅ တန်၊ တန်ဖိုး ကန် ဒေါ်လာ ၀ ဒသမ ၆၁၉ သန်း၊ မြေပဲ ၂၃၄ တန်၊ တန်ဖိုးကန်ဒေါ်လာ ၀ ဒသမ ၃၆၃ သန်း၊ ဝါဂွမ်း ၁၉၇ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၃၆၂ သန်း၊ အလူမီနီယံသတ္တု ၁၇၂ ဒသမ ၁၈၄ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၃၁ သန်း၊ ကြေးနီ ၁၀၂ ဒသမ ၁ တန်၊ တန်ဖိုး ၀ ဒသမ ၃၀၄ ဒေါ်လာသန်းနှင့် နနွင်းတက် ၅၁၇ ဒသမ ၅၁၅ တန် တန်ဖိုးကန်ဒေါ်လာ ၀ ဒသမ ၂၇၉ သန်းတို့ဖြစ်သည်။

၂၂-၅-၂၀၂၃ ရက်မှ ၂၈-၅-၂၀၂၃ ရက်အတွင်း အများဆုံးအမှန်တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ CMP စက်ရုံသုံး ကုန်ကြမ်းပစ္စည်းများ တန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၁၉၂ သန်း၊ ယာဉ်နှင့် ယာဉ်ယန္တရားများ တန်ဖိုးကန်ဒေါ်လာ ၁ ဒသမ ၉၆၇ သန်း၊ ဆိုလာပြားတန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၁၅၀ သန်း၊ ပြည်တွင်းတပ်ဆင်ရေးလုပ်ငန်းတွင်အသုံးပြုသော SKD စနစ်ဖြင့် တင်သွင်းသည့် ဆိုင်ကယ်အပိုပစ္စည်းများ(MIC)တန်ဖိုးကန်ဒေါ်လာ ၀ ဒသမ ၉၂၁ သန်း၊ သွပ်လိပ်တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၆၇၉ သန်း၊ ဓာတ်မြေဩဇာ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၃၇၆ သန်း၊ ရုပ်မြင်သံကြားစက် တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၃၅၃ သန်း၊ ဖိနပ် တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၂၅၅ သန်း၊ အစားအစာထုပ်ပိုးသည့် ပလတ်စတစ်အကြည် တန်ဖိုးကန် ဒေါ်လာ ၀ ဒသမ ၁၈၀ သန်း နှင့် ပိတ်လိပ်(ပိုလီစတား ၁၀၀ ရာခိုင်နှုန်း) တန်ဖိုးကန်ဒေါ်လာ ၀ ဒသမ ၁၈ သန်းတို့ ဖြစ်သည်။

ပို့ကုန်လုပ်ငန်း ဆောင်ရွက်သည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတင်ပို့ခဲ့သည့် ပစ္စည်းများ၏ တန်ဖိုးအတိုင်း တစ်ဖက်နိုင်ငံမှ ဝယ်ယူသည့် ကုန်ဝယ်သူကပေးချေသည့် ကုန်ဖိုးငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်အတိုင်း ဘဏ်စနစ်ဖြင့် ပို့ကုန်ရငွေများ ဝင်ရောက်နိုင်ရေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း သိရသည်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်ရေထွက်ပစ္စည်းတင်ပို့မှုနှင့် သွင်းကုန်ပစ္စည်းတင်သွင်းမှု အခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိက တင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစည်ဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ သီဟိုဠ်စေ့၊ ဆီအုန်းတို့ ဖြစ်သည်။ ယခုနှစ် မေ ၂၄ ရက်မှ ၂၈ ရက်အထိ ပို့ကုန်တန်ချိန် ၉၈၄ တန်နှင့် သွင်းကုန်တန်ချိန် ၁၅၁ တန် တင်ပို့/ တင်သွင်းခဲ့သည်။

အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ပြောင်း၊ ဆီအုန်းစေ့၊ ပလာတူး၊ ငါးနီငယ်၊ ငါးပုလွေ၊ ကပျက်၊ ဇကလပ်၊ ပလာလန်း၊ ငါးလိပ်ကျောက်နှင့် ပါကင်ငါး တို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဒီဇယ်၊ ဓာတ်ဆီ၊ ဟိုက်ဒရိုဂျင်အောက်ဆိုဒ်၊ ပလတ်စတစ်ခြင်း၊ ပီလောပီနံမှုန့်နှင့် မီးသွေးမှုန့်တို့ဖြစ်သည်။

၂၀၂၃ ခုနှစ် မေ ၂၉ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၁၇၂ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၅ ဒသမ ၃ ကျပ်ခန့် ဖြစ်သဖြင့် ၂၆-၅-၂၀၂၃ ရက်နေ့ထက် ၀ ဒသမ ၅ မြင့်တက်သွားကြောင်း သိရှိရသည်။

35 th Manufacturing World Japan- New Value Creation Exhibition in Mechanical Components and Technology Expo 2023 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းများ ပါဝင်ပြသရန်ဖိတ်ကြား

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Tokyo Big Sight ၊ East Hall 5 ၌ ၂၀၂၃ ခုနှစ် ဇွန် ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပပြုလုပ်မည့် 35th Manufacturing World Japan– New Value Creation Exhibition in Mechanical Components and Materials Technology Expo 2023 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားထားသည်။

အဆိုပါပြပွဲသည် ဂျပန်နိုင်ငံ၏ အကြီးဆုံးဖြစ်သော အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ ပြပွဲတစ်ခုဖြစ်ကြောင်း၊ ယင်းပြပွဲတွင် စက်နှင့်စက်ကိရိယာ အပိုပစ္စည်းများနှင့် ထုတ်လုပ်မှုနည်းပညာများကို ပြသမည်ဖြစ်ကြောင်း၊ ပြပွဲတွင် ပြခန်းပေါင်း ၁၇၅၀ ပါဝင်ပြသမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပြခန်းများ ပြသလိုပါက ပါဝင်ပြသနိုင်ရန် SME Support Japan က ဖိတ်ကြားထားကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂ ၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရှိရသည်။

Hydrogen Electrical Energy Exhibition 2023 (HEY 2023)သို့ မြန်မာနိုင်ငံမှလုပ်ငန်းများ ပါဝင်ပြသရန်ဖိတ်ကြား

ကိုရီးယားသမ္မတနိုင်ငံ Ulsan မြို့၊ Ulsan Exhibition Convention Center (UECO) ၌ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပပြုလုပ်မည့် Hydrogen Electric Energy Exhibition 2023 (HEY 2023)သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များ ပါဝင်ပြသနိုင်ကြောင်း ဖိတ်ကြားထားသည်။

အဆိုပါပြပွဲသည် အနာဂတ်တွင် Hydrogen ၊ Electric ၊ Energy နှင့် Full Cell Industries တို့ အကြား အပြန်အလှန်မှီခိုသည့် ဂေဟစနစ်တစ်ခုကို ဖန်တီးပေးကာ ယင်းကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရေး ဦးဆောင်ပေးနိုင်မည့် ပြပွဲတစ်ခုဖြစ်ကြောင်း၊ ပြပွဲသို့ ကုမ္ပဏီစုစုပေါင်း ၁၀၀ ခန့်မှ ပြခန်း ၄၀၀ ခန့် လာရောက်ခင်းကျင်းပြသရန် စီစဉ်ထားရှိပြီး ဧည့်သည်ဦးရေ ၁၀၀၀၀ ခန့် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂ ၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရှိရသည်။

လွယ်ဂျယ်နယ်စပ် ကုန်စည်စီးဆင်းမှု အခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် မေ၂၄ ရက် မှ၂၈ ရက်နေ့အတွင်း တစ်သျှူးငှက်ပျော၊ ဆန်၊ ဆန်ကွဲ၊ ကြိမ်၊ သရက်သီးနှင့် ပြောင်းတို့ အများဆုံး တင်ပို့နိုင်ခဲ့သည်။ ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် တစ်သျှူးငှက်ပျောတစ်ကီလိုလျှင် ၂ ဒသမ ၃၆ ယွမ်၊ ဆန်ကွဲ တစ်ကီလိုလျှင် ၂ ဒသမ ၉ ယွမ်၊ ဆန်တစ်ကီလိုလျှင် ၃ ဒသမ ၂၅ ယွမ် ရှိပြီး သယ်ယူပို့ဆောင်ခမှာ ဗန်းမော်မှ လွယ်ဂျယ်သို့ ပို့ကုန်တစ်ပိဿာလျှင် ၇၂ ကျပ် ရှိကြောင်းသိရှိရသည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းအနေဖြင့် ထွန်စက်၊ ပိတ်လိပ်၊ မီးဖိုချောင်သုံးပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်း၊ သံပြား၊ ဓာတ်မြေဩဇာ၊ ဂျပ်စက္ကူ၊ စက်နှင့်စက်ပစ္စည်း၊ ပီနံအိတ်၊ မြက်ခင်းတုနှင့် အားကစားပစ္စည်းတို့ အများဆုံးတင်သွင်းနိုင်ခဲ့သည်။

လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် ၁-၅-၂၀၂၃ ရက်နေ့တွင် တစ်ယွမ်လျှင် ၄၀၈ ကျပ်ဖြစ်ခဲ့ပြီး ၂၈-၅-၂၀၂၃ ရက်တွင် တစ်ယွမ်လျှင် ၄၁၃ ကျပ်အထိဖြစ်ရာ မြန်မာကျပ်ငွေဈေး အနည်းငယ်ကျဆင်းခဲ့ကြောင်း သိရှိရသည်။

ရေးမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးအား KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်၍ မီးရှို့ဖျက်ဆီး

နေပြည်တော် မေ ၂၉

KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် ရေးမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးအား လက်နက်ငယ်များဖြင့် ပစ်ခတ်၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ကားနှင့်ဆိုင်ကယ်အဟောင်းများတင်ဆောင်၍ ရေးမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသည့် Nissan Diesel အမျိုးအစား ၁၂ ဘီးယာဉ်နှင့် ခြောက်ဘီးယာဉ်နှစ်စီးအား ရေး – မော်လမြိုင်သွားကားလမ်း မိုင်တိုင်အမှတ်၊ ၆၂/၅ နှင့် ၆၂/၆ အကြားနေရာ၌ ယနေ့နံနက် ၇ နာရီခွဲခန့်တွင် KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ကားဘီးများကို ပစ်ဖောက်၍ ယာဉ်မောင်းခန်းကို မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ယာဉ်မောင်းနှစ်ဦးမှာ အသက်ရှင်လွတ်မြောက်ခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်ဘဲ အေးချမ်းစွာ သွားလာလျက်ရှိသည့် မော်တော်ယာဉ်များအား ပစ်ခတ်တိုက်ခိုက်၍ မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မေ ၂၉ ရက်က ရန်ကုန်မြို့နေ ဦးစိုးသိန်း – ဒေါ်ခင်ချိုအုန်း မိသားစုက ရခိုင်ပြည်နယ် မိုခါမုန်တိုင်းဒဏ်သင့် ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများအတွက် လိုအပ်သော သင်္ကန်း၊ ထီး၊ ဖိနပ်၊ သပိတ်၊ ဆွမ်းခွက်၊ သီလရှင်ဝတ်စုံ အစုံ ၁၃၀၀ ကျော်ကို လှူဒါန်းရန် နေအိမ်အတွင်း ထုပ်ပိုးပြင်ဆင်နေမှုကို တွေ့ရစဉ်။ သတင်းစဉ်

ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် မေ ၂၉

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မန္တလေးမှ မီးရထားဆရာဝန်ကြီးအား PDF အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် မေ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မန္တလေးမြို့နှင့် စစ်ကိုင်းမြို့များအတွင်း အကြမ်းဖက်လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် PDF အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

ဖြူးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ၂၀၂၃ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပွဲကို မေ ၂၉ ရက်က အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၁၇/၇)ဖာလုံ အနောက်ဘက် ငမြွေဆည်အနီး ကြိုးပြင်ကာကွယ်တောအတွင်း ဖြူးကွန်း(၁)၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသိန်းသန်းစိုးက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူအား ရတနာတန်းဝင်ပျိုးပင်ပေါက်များ ပေးအပ်စဉ်။

နေမျိုးလွင်(ပြန်/ဆက်)

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၅ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၁၈၉၅ ကျပ်	၁၉၄၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၁၉၇၅ ကျပ်	၂၀၂၀ ကျပ်
အောက်တိန်း ၉၂	၁၉၇၅ ကျပ်	၂၀၂၅ ကျပ်
အောက်တိန်း ၉၅	၂၀၈၀ ကျပ်	၂၁၃၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

ဥရောပ	တစ်ယူရို	ကျပ်	၂၂၅၄ . ၁
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၅၅၃ . ၈
ထိုင်း	တစ်ဘတ်	ကျပ်	၆၀ . ၅၅၄
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၅၀၃ . ၆
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၅၆ . ၄၂
တရုတ်	တစ်ယွမ်	ကျပ်	၂၉၇ . ၄၅
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၅ . ၄၃၄

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၁၀၀	၈၁၀၀	၄၅၀	၃၆၄၅၀၀၀
MTSH	၂၉၅၀	၂၉၅၀	၅၀၉	၁၅၀၁၅၅၀
MCB	၇၄၀၀	၇၄၀၀	၂၅	၁၈၅၀၀၀
FPB	၁၄၀၀	၁၄၅၀	၃၅၅	၅၁၃၅၅၀
TMH	၀	၀	၀	၀
EFR	၂၅၀၀	၂၅၀၀	၁၄၁	၃၅၄၄၀၀
AHP	၅၀၀၀	၅၀၀၀	၂၀	၁၀၀၀၀၀

ညီညီ – စုစည်းသည်

လမ်းဦးစီးဌာန
ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Class A လမ်းများပေါ်ရှိ လမ်းလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

(ခ)	**တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်**	- ၂၉-၅-၂၀၂၃ရက်မှ ၁၂-၆-၂၀၂၃ရက်အထိ (ရုံးချိန်အတွင်း)
(ဂ)	**တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ**	- လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တာချီလိတ်မြို့
(ဃ)	**တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်**	- ၁၃-၆-၂၀၂၃ရက်၊ ၁၆:၀၀နာရီ
(င)	**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်**	- ၁၄-၆-၂၀၂၃ရက်၊ နံနက် ၁၀:၀၀နာရီ
(စ)	**အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ**	- လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တာချီလိတ်မြို့သို့ ရုံးချိန်အတွင်း ဖုန်း- ၀၈၄-၅၁၀၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

ကချင်ပြည်နယ်အစိုးရအဖွဲ့
လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ်ဘဏ္ဍာ ငွေလုံးငွေရင်း၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောကတ္တရာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-

(က)	**တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်**	- (၂၅ - ၅ - ၂၀၂၃)ရက် (ရုံးချိန်အတွင်း)
(ခ)	**တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်**	- (၈ - ၆ - ၂၀၂၃)ရက် ညနေ(၀၄:၃၀)နာရီ
(ဂ)	**တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ**	- ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန ဖုန်း-၀၇၄-၂၅၂၂၃၆၉၊ ၀၉-၄၂၄၃၈၃၅၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

ဖခင်အမည်မှန်

ကျောက်ဆည်မြို့၊ တောင်တော် (အမက) ပဥ္စမတန်းမှ မမေသက်နိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင် ၉/ကဆန(နိုင်) ၁၂၂၆၈၀ ဖြစ်ပါကြောင်း။

ဦးမောင်နိုင်

အမည်ပြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့၊ အထက(ခွဲ)(၅) ရပ်ကွက်မှ Grade-8 တက်ရောက်မည့် မောင်နေမင်းထွန်းအား ယနေ့မှစ၍ မောင်နေလင်းထွန်း ဟုပြောင်းလဲခေါ်ပါရန်။

မောင်နေလင်းထွန်း

လမ်းဦးစီးဌာန
ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Class A လမ်းများပေါ်ရှိ လမ်း/တံတား လုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်း အပ်နှံဆောင်ရွက်လိုပါသည်။

(ခ)	**တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်**	- ၂၉-၅-၂၀၂၃ရက်မှ ၁၂-၆-၂၀၂၃ရက်အထိ(ရုံးချိန်အတွင်း)
(ဂ)	**တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ**	- လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံမြို့
(ဃ)	**တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်**	- ၁၃-၆-၂၀၂၃ရက်၊ ၁၆:၀၀နာရီ
(င)	**တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်**	- ၁၄-၆-၂၀၂၃ရက်၊ နံနက် ၁၀:၀၀နာရီ
(စ)	**အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ**	- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း- ၀၈၄-၂၀၂၁၀၃၁သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV - HD)မှ အများပြည်သူပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ယခုအခါ (၂-၆-၂၀၂၃)ရက် (သောကြာနေ့)ညတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် (၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၃ ခုနှစ်များအတွက်) မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ရွှေကြိုမောင်မယ်များဖြင့် Live Show တေးသီချင်းဖျော်ဖြေမှု အစီအစဉ်ကို "ရွှေကြိုမျှားရဲ့ Songsters" ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်။

(၂-၆-၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "ရွှေကြိုမျှားရဲ့ Songsters" ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

စဉ်	သီချင်းအမည်	အဆိုရှင်
၁။	ယူ	ပြင်ပအဆိုရှင်
၂။	တစ်စစီကျိုးပဲ့နေတယ်	ပြင်ပအဆိုရှင်
၃။	အချစ်ဦးမေ့ပျောက်ပေမယ့်	ပြင်ပအဆိုရှင်
၄။	အလကားပဲ	ပြင်ပအဆိုရှင်
၅။	သခင်	ပြင်ပအဆိုရှင်
၆။	ဂန္ထဝင်ဆည်းဆာ	ပြင်ပအဆိုရှင်
၇။	ကယ်တင်ခြင်း	ပြင်ပအဆိုရှင်
၈။	မှားပြန်တယ်	ပြင်ပအဆိုရှင်
၉။	ထွက်ချည်ဝင်ချည် နိုနားရာ	ပြင်ပအဆိုရှင်
၁၀။	ပန်းကမ္ဘာမျှော်စင်	ပြင်ပအဆိုရှင်

အမည်ပြောင်း

ဦးကျော်မိုး၏ သမီး ပန်းတနော်မြို့နယ်၊ အထက မြစ်ဝ၊ Grade-8 အောင်မှ မဇူးဇူးမြတ်ကျော်အား မစုဇေရီကျော်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

အမည်မှန်

ဦးမျိုးမင်းဝင်း ၉/ပမန(နိုင်) ၁၂၂၅၇၈ ၏သား စစ်ကိုင်းမြို့၊ လေ့ကျင့်ရေး အလယ်တန်းကျောင်းနေ G-3 အတန်းမှ မောင်သန့်ဇင်ထွန်း၏ အမည်မှန်မှာ မောင်သွင်ထူးသန့် ဖြစ်ပါကြောင်း။

အမည်မှန်နှင့် မိဘအမည်မှန်

ဝိုင်းမော်မြို့နယ်၊ နောင်ချိန်းကျေးရွာ၊ အမက(၂)မူလွန်ကျောင်း၊ Grade-6မှ မောင်နောနော်၏ အမည်မှန်မှာ မောင်ဂျွန်ဇန်မျိုးရိန်အောင်ဖြစ်ပြီး ၎င်း၏ မိဘအမည်မှန်မှာ ဦးနော်အောင် ၁/မကတ(နိုင်)၀၀၁၄၃၁ နှင့် ဒေါ်လွမ်းနော ၁/ဝမန(နိုင်) ၀၄၅၁၁၄ ဖြစ်ပါကြောင်း။

မိဘအမည်မှန်

ဝိုင်းမော်မြို့နယ်၊ ရွှေညောင်ပင်ကျေးရွာ၊ အထက(ခွဲ)ရွှေညောင်ပင်ကျောင်း၊ Grade-11 အောင်မှ မဖြူစင်ဦး နှင့် Grade-10 (စနစ်သစ်)မှ မယုယုငယ်တို့၏ မိဘအမည်မှန်မှာ ဦးစုနိုင်ထွန်း ၅/ရဥန(နိုင်)၀၇၉၈၉၃ နှင့် ဒေါ်ရွှေချော ၁/ဝမန(နိုင်)၀၆၂၁၀၆ ဖြစ်ပါကြောင်း။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ ပြည်တော်သာ (၂) လမ်း၊ အမှတ်- ၁၂/၃၊ အုတ်ခံ (၁) ထပ်အိမ်အပါအဝင် အငှားယာဉ်အမှတ် BB-9051 ယာဉ်တို့နှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၇ ရက် နိုင်ငံပိုင်မြန်မာ့အလင်းသတင်းစာတွင် အများသိစေရန်ကြေညာချက်အား ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော (ဘ) ဦးမြင့်ဟန်သားသမီးများဖြစ်ကြသော ဒေါ်အိအိခိုင်၊ ဦးစိုးလှိုင်တို့၏ လူမှုရေး ကိစ္စအဝဝအားလုံးကို နောက်နောင်တွင် ဒေါ်မြင့်မြင့်ကြည်မှ ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ စီမံခန့်ခွဲခြင်း၊ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း (၂၆-၅-၂၀၂၂) ရက်စွဲပါ အမွေခွဲဝေပေးခြင်းကိစ္စ သဘောတူညီကြောင်း ဝန်ခံကတိပြုခြင်းစာချုပ်တို့အား အပြီးအပိုင် ဖျက်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အိအိခိုင်နှင့် ဦးစိုးလှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ -
ဦးအောင်ကိုနိုင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၂၅၅၃)
အမှတ်-၃၅၄၊ ဇေယျာသီရိ (၁၂) လမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၇၉၂၄၈၇၀၈၂ ၊ ၀၉ ၇၄၀၉၈၀၄၁၇

ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ်၊ ပန်းခြံစုကျေးရွာ၊ Grade-4(သင်ရိုးသစ်) မှ မောင်ထက်ဝေယံ၏ ဖခင် ဦးရဲတင့်၏ အမည်မှန်မှာ ဦးလှဝင်း ၁၂/အစန(နိုင်)၀၃၅၃၂၇ ဖြစ်ပါကြောင်း။

ဦးလှဝင်း

ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ်၊ ပန်းခြံစုကျေးရွာ၊ Grade-7 (သင်ရိုးသစ်) မှ မခင်ဖုန်းပြည့်၏ ဖခင် ဦးအောင်သူရ၏ အမည်မှန်မှာ ဦးစိုးမင်းထိုက် ၈/နမန(နိုင်) ၂၁၂၈၅၃ ဖြစ်ပါကြောင်း။

ဦးစိုးမင်းထိုက်

အမည်ပြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ မြောက်ပိုင်းရပ်ကွက်၊ အမှတ် ၂၅ နေ (ဘ)ဦးဂျွန်အိချို(ခ)ဝေယံပြည့်ဖြိုး ၁၂/ကမတ(နိုင်) ၀၇၁၂၁၅၊ (မိ)ဒေါ်ဖူးငုံပွင့် ၁၂/မဂဒ(နိုင်)၁၆၅၄၀၈ တို့၏သား မောင်ဘုန်းမြတ်ထက်အောင်အား မောင်ဖုန်းမြတ်ထက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဖုန်းမြတ်ထက်အောင်၏ မွေးသက္ကရာဇ်မှာ ၂၀-၅-၂၀၁၆ ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ တီကျစ်ကျေးရွာ(အလယ်ပိုင်း)နေ ဦးဝင်းမြင့်-ဒေါ်ခင်မိုးမိုးတို့၏ သမီး မမြဉ္စူသင်း(ခ)မမဉ္စူသင်း ၁၃/ပလန(နိုင်)၀၆၆၇၀၂ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်၊ ဆောင်းပြောင်းလိုင်းဗွာလှ ကျေးရွာနေ ဦးခွန်မောင်မောင်-ဒေါ်နန်းဘီး တို့၏ သမီးနန်းအေးအေးသင်း(ခ)နန်းအေးသင်း ၁၃/ပလန(နိုင်) ၀၉၃၆၈၁ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အထက(၂)တောင်ငူ G-7 အောင် မှ မောင်ထူးမင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးအေးချမ်းသိန်း ၇/တငန(နိုင်)၁၃၅၇၃၀ ဖြစ်ပါသည်။

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ ယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ပန်းရောင်ကတ်ပျောက်

ကျွန်တော် မောင်ကောင်းခန့်ကျော် ၁၃/မဆတ(နိုင်)၀၆၄၃၇၃ ၏ ပန်းရောင်အေးဂျင့် ကတ်အမှတ် MSE-009156 Snap Dragon Agency သည် ၁၆-၂-၂၀၂၃ ရက်တွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၇၈၅၂၃၀၀၄၆

ပန်းရောင်ကတ်ပျောက်

ကျွန်မ ဒေါ်နန်းအေးမြတ်ထွေး ၁၃/မဆတ(နိုင်)၀၄၉၅၆၀ ၏ ပန်းရောင် အေးဂျင့်ကတ်အမှတ် MSE-009157 Snap Dragon Agency သည် ၁၆-၂-၂၀၂၃ ရက်တွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၆၀၇၁၃၉၈

ပတ်စ်ပို့ပျောက်

ဦးရဲကျော်အောင် ၁၂/မရက(နိုင်)၁၅၉၁၄၉ ၏ နိုင်ငံကူးလက်မှတ်နံပါတ် ME-080470 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း -၀၉-၄၃၁၃၃၅၂၅

အဝါရောင်ကတ်ပျောက်

ကျွန်မ ဒေါ်နန်းဟိန်းခမ်း ၁၃/မဆတ(နိုင်)၀၀၁၅၆၇ ၏ အဝါရောင် အေးဂျင့်ကတ်အမှတ် MSE- 009103 Snap Dragon Agency သည် ၁၆-၂-၂၀၂၃ ရက်တွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၅၂၃၀၀၄၆

သွေးသည် အသက်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/48775, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မီးမီး ၃/ဘအန(နိုင်)၁၅၄၉၄၂က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ပြည်နယ်ရုံး(ဘားအံမြို့)

အယူခံမှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၂ခုနှစ်၊ တရားမအယူခံမှုအမှတ်-၃၃၉

ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်း ဦးစီးဌာန မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန (ယခု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)(၎င်း၏ကိုယ်စား ဦးကျော်ကျော်နိုင်၊ ဒုတိယညွှန်ကြားရေးမှူး)	**နှင့်** Setraco International Limited (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ငြေငြေဝင်း)ပါ ၂
အယူခံတရားလို	**အယူခံတရားပြိုင်များ**

၂၀၂၂ခုနှစ်၊ မေလ ၁၂ ရက်နေ့စွဲပါ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ ၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၆ ကို အယူခံမှု။

အယူခံတရားပြိုင်အမှတ် (၂) OEM (M) Co.,Ltd(၎င်း၏ကိုယ်စား ဒေါ်ကျော့ကျော့လွင်၊ မန်နေဂျင်းဒါရိုက်တာ)၊ အမှတ်(G1-03/05), Tower(C), Pearl Condo၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့(ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ချပေးသည့် ဒီကရီကို အယူခံ တရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၃ခုနှစ်၊ ဇွန်လ ၂၃ရက်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်းဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၃ခုနှစ် မေလ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်မေလတ်)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ လှိုင်သာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၈၄၇-ဃ/၂/စီးယင်း)၊ဦးပိုင်အမှတ် (၃၈၂-B) အတွင်းရှိ ဝင်းမြေကွက်သည် ဒေါ်သန်းတင်အေးမှ တရားဝင်ပိုင်ဆိုင်ထားပါသည်။ အထက်အမည်ပါ ဝင်းမြေကွက်ကို ပြန်လည်ရောင်းချမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါရှိသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမန်းဘွဲ့လျှန်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၉၃/၁၇-၇-၂၀၁၈)
အောင်ဇေယျနယ်မြေ(၆)၊ ကလေးမြို့၊ ဖုန်း-၀၉-၄၅၆၀၃၇၁၁၂

ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ စမ်းမြို့ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (အမှတ် ၈/တာဟန်းအရှေ့)၊ ဦးပိုင်အမှတ် (၁၆)၊ ဧရိယာ ၀ဒသမ ၀၉၃ ဧကရှိ ဝင်းမြေအား ဦးနေဝင်းအောင် ၉/အမဇ(နိုင်) ၀၃၀၅၂၀ သည် ၎င်းအမည်ပေါက် မြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်လွှာ လျှောက်ထားနိုင်ပါသည်။

ဦးနေဝင်းအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရှိထန်းပွီးယာ B.A,PGDL, LL.B(Q)
အထက်တန်းရှေ့နေ စဉ်-၅၀၆၁၀/၂၀၁၈
အမှတ် ၆/၁၊ မြို့လှရပ်ကွက်၊ ကလေးမြို့
ဖုန်း-၀၉-၄၀၀၅၀၃၇၉၊ ၀၉-၉၇၉၀၈၇၄၄၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၇၊ မြေကွက်အမှတ် ၁၀၉၃၊ ဧရိယာ ၂ဒသမ ၀၆၆ ဧကရှိ ဦးအောင်ထွေး ၁၂/မဂတ(နိုင်) ၀၇၇၂၂၀ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဦးအောင်ထွေးထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဦးမျိုးညွှန့်LL.B (ဖျာပုံ)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၂၆/၂၄-၁-၂၀၁၃)
အမှတ် ၂၈၊ ပထမထပ်၊ ၁၄၁ လမ်း၊ မအူကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉- ၄၅၀၀၁၂၇၀၆

ပျောက်ဆုံးကြောင်း

အရာတော်မြို့နယ်၊ အောင်သုခကျေးရွာနေ ဦးကျော်စ၏ သား မောင်ပြော့ ၅/အရတ(နိုင်) ၁၆၉၉၂၆၏ နိုင်ငံကူးလက်မှတ် နံပါတ် MG-742101မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၀၀၈၈၈၈၀

ပျောက်ဆုံးကြောင်း

ကန့်ဘလူမြို့နယ်၊ ကျောက်တိုင်ရွာနေ ဦးမြဝင်း၏သား မောင်ထွန်းဝင်း ၅/ကဘလ(နိုင်) ၁၄၁၀၅၁ ၏ နိုင်ငံကူးလက်မှတ် MB-381779 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၃၉၇၅၅၃၈

မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အလက (လက်ပံဦး) G-9 မှ မယုဇနဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်သန်းသန်းဌေး ၈/စလန(နိုင်) ၀၃၁၆၃၄ ဖြစ်ပါသည်။

ဒေါ်သန်းသန်းဌေး

အမည်ပြောင်း

ဦးမောင်မောင်ခင် ၅/ဟမလ (နိုင်)၀၀၈၆၃၉ ၏ သား ဟုမ္မလင်းမြို့နယ်၊ အထက (နောင်ဆန်းကျင်) Grade-3မှ မောင်နေဘုန်းခန့်အား မောင်ထက်ဘုန်းမြင့် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ အမှတ် ၂၂ ရပ်ကွက်၊ မြေကွက်အမှတ် အမည် (၇/မင်းကြီးညိုတောင်)၊ ဦးပိုင်အမှတ် (၂၅၅/341)၊ ဧရိယာ ၀ဒသမ ၀၇၃ ဧကအား ဒေါ်ကေသီဌေး အမည်ဖြင့် မြေငှားဂရန် အသစ်လျှောက်ထားလာ ခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဒေါ်ကေသီဌေး အမည်ဖြင့်မြေငှားဂရန် ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

တောင်ငူမြို့နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ အထက(၁) သာယာဝတီ Grade-11မှ မတိုတိုချစ်အား မဆောင်းဟေမာန်ထွန်း ဟု အမည်ပြောင်းလဲခေါ်ပါရန်။။

မဆောင်းဟေမာန်ထွန်း

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၅-၂၀၂၃ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၂) တောင်ကြီးမြို့နယ် တရားရုံး ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ ကြော်ငြာတွင် တရားရုံးများအစား-
၁။ ဗိုလ်ကြီးဝင်းဖေ
၂။ ဦးမျိုးသီဟဟန်
(တရားရှုံးများ)ဟု
ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ City Loft၊ တိုက်အမှတ်(CL-2)၊ အခန်းအမှတ် (102)၊ ဧရိယာ ၇၁၀ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ရေ၊မီး၊ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူများဖြစ်သော ဒေါ်စမ်းစမ်းကြည် (၁၂/လသန(နိုင်) ၀၀၄၃၂၂)၊ ဦးသန့်ဇော်ထက် (၁၂/လသန(နိုင်) ၀၂၁၂၈၁)၊ ဦးဆန်းမြင့် (၁၂/လသန(နိုင်)၀၀၄၃၂၁) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်နုယဉ်ယဉ်ဌေး (၈/မဘန(နိုင်) ၀၆၈၃၉၆)၊ ဦးဇာနည်အောင် (၉/မနမ(နိုင်) ၀၀၆၅၈၁)၊ ဒေါ်နန်းအိအိခိုင်(၁၃/ကမန(နိုင်) ၀၈၆၅၁၉)၊ ဦးမြင့်မြတ်မောင်မောင် (၉/အမဇ(နိုင်) ၀၁၅၉၆၃) တို့က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်နုယဉ်ယဉ်ဌေး၊ ဦးဇာနည်အောင်၊ဒေါ်နန်းအိအိခိုင်၊ဦးမြင့်မြတ်မောင်မောင် တို့၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သူဇာကျော် LL.B,D.B.L,D.I.L, D.I.P.L,WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)
အမှတ် ၁၄၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)
သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၇၆၅၆၀၂၂၉၀

မြေကွက်ဝယ်ယူပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးငြိမ်းချမ်း ၁၂/ စခန(နိုင်)၀၃၀၈၄၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၁၊ မြေကွက်အမှတ် ၈၉၄၊ (တစ်နည်းအားဖြင့်) မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြရပ်ကွက်၊ ၂၉ လမ်းနှင့် သရဖီလမ်းထောင့်၊ အမှတ် ၈၉၄၊ ဗိုလ်မှူးခင်မောင်ဆွေ ဂရန်အမည်ပေါက်သည့် မြေအကျယ်(၈၀ပေx ၆၅ပေ) ရှိသည့်အနက်မှ မြေအကျယ်(၂၀ပေx ၆၅ပေ)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးမန်းမြင့်သိန်း ၁၄/မမန(နိုင်) ၃၆၇၁၇၃ က အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာလက်ရှိထားသူဟု အဆိုပြု၍ရောင်းချရန် ကမ်းလှမ်းသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးငြိမ်းချမ်း ၁၂/စခန(နိုင်)၀၃၀၈၄၂ မှ သဘောရိုးဖြင့် ယုံကြည်သောကြောင့် ငွေအပြေအကျေ ပေးချေ၍ ဝယ်ယူလက်ရောက်ရရှိထားပြီးဖြစ်ပါကြောင်းနှင့် အဆိုပါ ဝယ်ယူထားသည့် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်မှာ ဦးငြိမ်းချမ်းတစ်ဦးတည်းနှင့်သာ သက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)	**ဦးရဲမြင့်အောင်(LL.B)**
(စဉ်-၁၂၉၈၆/၂၀၁၇)	**(စဉ်-၄၁၇၀၃/၂၀၁၃)**
တရားလွှတ်တော်ရှေ့နေ	**ဒေါ်တင်ဇာမျိုး(LL.B)**
	(စဉ်-၄၅၂၆၅/၂၀၁၄)
	ဒေါ်လှဲ့လှဲ့ဝင်းထူး (LL.B)
	(စဉ်-၄၉၉၀၄/၂၀၁၈)
	အထက်တန်းရှေ့နေများ

အမှတ် ၈၉၉၊ မြင်တော်သာလမ်းမ၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉- ၄၂၀၀၈၀၅၁၂၊ ၀၉-၇၃၁၆၇၈၁၅

အများသိစေရန်ကြော်ငြာချက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်ဟုခေါ်တွင်သော ကွင်း/အကွက်အမှတ်နှင့်အမည်(၁၂၀/ညောင်ပင်သာရပ်)၊ ဦးပိုင်အမှတ်(F-95)၊ ဧရိယာ(၀ဒသမ၀၇၈)ဧကရှိ အိမ်မြေဥပစာအား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်လွန်း ၁၃/ဟပန(နိုင်) ၀၁၉၀၆၈ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းလွင် ၉/သစန(နိုင်) ၀၀၁၄၇၃က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါ အိမ်မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးညီညီဇော်(တရားလွှတ်တော်ရှေ့နေ)
(စဉ်-၈၇၀၅/၂၀၁၃)
အမှတ်(၁၂၁)၊ ပန်းတင်လမ်းခွဲ(၁၉)၊ နယ်မြေ(၁)၊ ဘုရားဖြူရပ်ကွက်၊
တောင်ကြီးမြို့

သက်ဆိုင်သူများနှင့်ဦးရင်ထွေးမာ(ဘ)ဦးဇလော်မာ သိစေရန်ကြော်ငြာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်ကြီးကုန်း(ပျဉ်း) ကျေးရွာအုပ်စု၊ ပျဉ်းခုံလေးကျေးရွာနေ ဦးလားမှိန်းထန်းငါ ၅/ကလထ(နိုင်) ၁၃၃၀၄၆ က ဦးရင်ထွေးမာ(ဘ)ဦးဇလော်မာ နှင့် သက်ဆိုင်သူများ သိစေရန် အောက်ပါအတိုင်း ကြေညာသည်မှာ-

(၁) ဖခင်ဦးဇလော်မာသည်(၁၅-၁၀-၂၀၁၅)ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ကလေးမြို့နယ်၊ နတ်ကြီးကုန်း(ပျဉ်း)ကျေးရွာအုပ်စု၊ ပျဉ်းခုံလေးကျေးရွာတွင် ၎င်းပိုင်ဆိုင်သော ခြေတံရှည်နေအိမ်တစ်လုံး၊ လယ်မြေ ကွင်း/အကွက် အမှတ် ၈၃၃-က၊ ဦးပိုင်အမှတ်(၁၆+၂၁)မြေဧရိယာ(၆ဒသမ၂၁)ဧကရှိ ဦးဇလော်မာ အမည်ပေါက် လယ်မြေ ကျန်ရစ်ခဲ့ပါသည်။

(၂) အထက်ဖော်ပြပါ နေအိမ်နှင့် လယ်မြေများသည် ဦးဇလော်မာ၏ ပထမအိမ်ထောင်မှ သားသမီး(၃)ဦး(ဒေါ်ရမ်ရှားမီး၊ ဦးရင်ထွေးမာ၊ ဒေါ်ရမ်ဗွာလ်လီး)နှင့် ဒုတိယအိမ်ထောင်မှ သားသမီး(၅)ဦး (ဦးလားမှိန်းထန်းငါ၊ ဦးလားအော်ယာ၊ ဦးလားခေါ်ငိုက်ယာ၊ မလားရွက်လျံနီး၊ ဦးလားကြိုင်လိုဝ်)နှင့် ဇနီး ဒေါ်ဒွေကျားနီ (ခ)ဒွတ်ကျားနီတို့က အမွေဆက်ခံရေးအက်ဥပဒေနှင့်အညီ တရားဝင်ခွဲဝေရရှိခြင်းမရှိသေးသော အမွေဆိုင်ပစ္စည်းအဖြစ် ယခုအချိန်ထိ ကျန်ရှိလျက်ရှိပြီး ဦးလားမှိန်းထန်းငါ၏ လက်ဝယ်တွင်ရှိနေပါသည်။

(၃) သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဦးဇလော်မာ ကျန်ရစ်ခဲ့သော အမွေဆိုင်ပစ္စည်းများနှင့်ပတ်သက်၍ အမွေဆိုင် သား/သမီးအားလုံး၏သဘောတူညီချက်မပါရှိဘဲ အခြားသူတစ်ဦးဦးအား ကမ်းလှမ်းရောင်းချခြင်း၊ အရောင်းအဝယ်ပြုခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းများမပြုလုပ်ကြပါရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးလားမှိန်းထန်းငါ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရှိထန်းပွီးယာ(B.A,PGDL,LL.B(Q))
အထက်တန်းရှေ့နေ(စဉ်-၂၀၆၁၀)(၂၈-၁၂-၂၀၁၈)
အမှတ်(၆/၁)၊မြို့လှရပ်ကွက်၊ကလေးမြို့
ဖုန်း-၀၉-၄၀၀၅၀၃၇၉ ၊၀၉-၉၇၉၀၈ ၇၄၄၇

အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဦးကိုဝင်း ၉/မလန(နိုင်)၀၉၈၂၂၀၊ ဒေါ်ချောစုလှိုင် ၉/မလန(နိုင်)၁၀၄၇၃၅ တို့၏သား အထက ဇရပ်ကွင်း Grade-5 မှ မောင်သုတကြယ်စင်အား မောင်သုတကိုကိုအောင် ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သုတကိုကိုအောင်

အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့၊ ဦးစိုင်းဇေဇေ ဦးခရန(နိုင်) ၁၀၈၃၉၉၊ ဒေါ်လွင်လွင်မော် ၂/လကန(နိုင်)၀၄၈၃၇၀ ၏သား အထက (သပိတ်ကျင်း) Grade-3မှ မောင်ထင်မင်းသာ အား မောင်သာထက်စံဟု ပြောင်းလဲခေါ်ပါရန်။

မောင်သာထက်စံ

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ဝေးပင်ကျေးရွာ အထက Grade-9 မှ မောင်လင်းလဲ့ဟိန်းနှင့် Grade- 6 မှ မောင်လင်းလဲ့ရှိန် တို့၏ ဖခင် ဦးဝင်းထွန်းဦး၏ အမည်မှန်မှာ ဦးသိန်းထိုက် ၈/ဆဖန(နိုင်) ၀၇၁၇၇၄ ဖြစ်ပါကြောင်း။

ဦးသိန်းထိုက်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/4817, Mitisubishi Canter Light Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြသန်း ၃/လဘန(နိုင်)၀၀၇၈၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံးခွဲ
(ရွာသာကြီး)ရန်ကုန်မြို့

မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

စဉ်	လျှောက်ထားသူအမည်	လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့	ရပ်/ကျေး	အကွက်အမှတ်/အမည်	ဦးပိုင်အမှတ်	ဧရိယာ (ဧက)	အကြောင်းအရာ
၁	ဦးမြင့်နိုင်	ပုသိမ်	ရပ်ကွက်-၅	၆၇/ထောင်ကုန်း	၃၇	၀.၀၅၅	အသစ်
၂	ဦးထက်အောင်ရှိုင်း	ပုသိမ်	အမှတ်(၁)	၅၁/အကောက်ဆိပ်	၁၄/၂၃-က	၀.၀၄၁	အမည်ပြောင်း/ခွဲ
၃	ဦးစိုးသိန်း	ပုသိမ်	အမှတ်(၅)	၄၃/တံတားကြီးတန်း	၇၇-ဌ	၀.၀၂၂	သက်တမ်းတိုး
၄	ဒေါ်သီတာ	ပုသိမ်	အမှတ်(၆)	၁၁၁/လှည်းစု	၂၇-စ	၀.၀၂၂	အမည်ပြောင်း

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

စဉ်	လျှောက်ထားသူအမည်	လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့	ရပ်/ကျေး	အကွက်အမှတ်/အမည်	ဦးပိုင်အမှတ်	ဧရိယာ (ဧက)	အကြောင်းအရာ
၁	ဒေါ်ဝတ်ရည်မင်း	ပုသိမ်	ရပ်ကွက်-၆	၁၁၁/လှည်းစု	၃၇	၀.၀၅၅	အသစ်
၂	ဦးထွန်းထွန်းဦး	ပုသိမ်	အမှတ်(၁)	၅၀/အကောက်ဆိပ်	၅၄	၀.၈၃၀	အမည်ပြောင်း
၃	ဦးသီဟကျော်ပါ(၂)	ပုသိမ်	အမှတ်(၁၂)	၆၆-က/ရေကြည်ရေနောက်	အေ-၃၁၆	၀.၀၅၅	အသစ်
၄	ဦးလှရွှေပါ(၂)	ပုသိမ်	အမှတ်(၆)	၁၀၉/ရွှေဘိုတပ်	၁၃၇	၀.၀၄၂	အမည်ပြောင်း

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ စကားဝါလမ်း၊ မြေကွက်အမှတ်(၄၄၄)၊ အကျယ်အဝန်း(၄၃ပေ× ၆၀ပေ)ရှိ ဦးမောင်မောင်မြင့်(၁၂/ပဇတ (နိုင်) ၀၀၆၉၄၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးညီညီလင်း(၁၂/ကတန (နိုင်) ၀၉၀၈၆၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	**ဒေါ်လင်းလင်းထက်**
LL.B, D.B.L, D.I.L.,	**LL.B,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	**အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန

အခွန်ထမ်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် အီလက်ထရောနစ် အခွန်ထမ်းမှတ်ပုံတင်စနစ်ဖြင့် ပြောင်းလဲကျင့်သုံးသွားမည့် အစီအစဉ်ကို အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများအား ပိုမိုထိရောက်ကောင်းမွန်သော အီလက်ထရောနစ် ဝန်ဆောင်မှုစနစ်များပေးနိုင်ရန် အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ၌ အခွန်ထမ်းမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များတွင် လွယ်ကူလျင်မြန်စေရန် ရည်ရွယ်လျက် အီလက်ထရောနစ် အခွန်ထမ်းမှတ်ပုံတင်စနစ် (e-Registration Management System)ကို အကောင်အထည်ဖော် ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၂။ ထိုသို့ အခွန်ထမ်းမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို အွန်လိုင်းမှတစ်ဆင့်ဆောင်ရွက်နိုင်မည့် အီလက်ထရောနစ် အခွန်ထမ်းမှတ်ပုံတင်စနစ် (e-Registration Management System) ကို https://eregistration.ird.gov.mm/ မှတစ်ဆင့် စနစ်အသုံးပြုခွင့်အတွက် ဦးစွာ Account Register ပြုလုပ်၍ ဝင်ရောက်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

၃။ အီလက်ထရောနစ် အခွန်ထမ်းမှတ်ပုံတင်စနစ် (e-Registration Management System) ကို အသုံးပြုခြင်းအားဖြင့် သက်ဆိုင်ရာအခွန်ရုံးများသို့ လူကိုယ်တိုင်သွားရောက်ရန်မလိုအပ်ဘဲ အင်တာနက်ချိတ်ဆက်ရရှိသည့် မည်သည့်နေရာတွင်မဆို စနစ်မှတစ်ဆင့် အခွန်ထမ်းမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နိုင်သောကြောင့် အချိန်နှင့်ကုန်ကျစရိတ် သက်သာနိုင်ခြင်း၊ အခွန်ရုံးများနှင့် တိုက်ရိုက်ထိတွေ့မှုကို လျှော့ချနိုင်ခြင်းနှင့် ဆောင်ရွက်လိုသည့်လုပ်ငန်းများကို လျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

၄။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ၂၀၂၃ နှစ် မေလ (၂၃) ရက်နေ့မှစတင်၍ အီလက်ထရောနစ် အခွန်ထမ်းမှတ်ပုံတင်စနစ် (e-Registration Management System) ဖြင့်သာ အခွန်ထမ်း မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို တစ်ပြေးညီလက်ခံကျင့်သုံးဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ အကျိုးအမြတ်မယူသော အဖွဲ့အစည်းများနှင့် တစ်ဦးချင်းပုဂ္ဂိုလ် လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ပုံစံနှင့်စာရွက်စာတမ်းများကို သက်ဆိုင်ရာ ဌာနခွဲ/အခွန်ရုံးများသို့ လူကိုယ်တိုင်/စာတိုက်/အီးမေးလ်တို့မှတစ်ဆင့်ပေးပို့၍ အခွန်ထမ်းမှတ်ပုံတင် လျှောက်ထားဆောင်ရွက်နေမှုအစား ၂၀၂၃ နှစ် မေလ (၂၃) ရက်မှစတင်၍ အီလက်ထရွန်နစ် အခွန်ထမ်းမှတ်ပုံတင်စနစ် (e-Registration Management System) ဖြင့်သာ ပြောင်းလဲဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲ၊ ဖုန်း-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ ၀၁-၈၃၇၈၃၇၀နှင့် အီလက်ထရောနစ်ဝန်ဆောင်မှုနည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရေးစင်တာ (e-Services Help Desk Center) ဖုန်း ၀၁-၈၃၇၈၃၇၁၊ ၀၁-၈၃၇၀၁၉၅ နှင့် သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၇၂၀)၊ ဧရိယာ(၀ဒသမ၀၉၆)ဧက၊ အမှုတွဲအမှတ် (၁၇၉-၅/၂၀၀၂-၂၀၀၃(စီ) ဖြင့်ဦးကျန်ယင်းမှ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား ၎င်း၏ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဦးဌေးမောင် ၉/မရတ(နိုင်)၀၂၄၈၁၂ မှ ရောင်း/ဝယ်စာချုပ်(၈၉၊/၂၀၂၃)ဖြင့် ဦးအောင်နိုင်ထွန်း ၅/ကနန(နိုင်)၀၇၄၄၁၇ထံ ရောင်းချပေးပြီးဖြစ်ပါ၍ ဦးအောင်နိုင်ထွန်းမှ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၁၉၆၂)၊ ဧရိယာ(၀ဒသမ၀၉၆)ဧက၊ အမှုတွဲအမှတ် (၃၉၅-၅/၂၀၁၀-၂၀၁၁(စီ)ဖြင့် ဦးဌေးအောင်မှ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ၎င်း၏ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဦးကြည်ဖေ ၁၃/မရန(နိုင်)၀၄၁၆၀၁မှ ရောင်း/ဝယ် စာချုပ်(၃၉၃၊/၂၀၁၆)ဖြင့် ဒေါ်ကြည်ကြည်ဝင်း ၁၃/မရတ(နိုင်)၀၁၀၆၈၇ထံ ရောင်းချပေးပြီးဖြစ်ပါ၍ ဒေါ်ကြည်ကြည်ဝင်းမှ အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (စက်မှုလယ်ယာအရှေ့)၊ ဦးပိုင်အမှတ်(၅၃၂)၊ ဧရိယာ(၀ဒသမ၀၈၃)ဧက၊ အမှုတွဲအမှတ်(၂၉၄-၅/၂၀၀၃-၂၀၀၄(စီ) ဖြင့်ဦးဌေးလွင်ဦးမှ အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အား ၎င်း၏ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဦးမင်းမင်း ၁၃/ကလတ(နိုင်) ၀၃၈၉၈၀မှ ရောင်း/ဝယ်စာချုပ်(၁၇၆၊/၂၀၂၃)ဖြင့် ဦးမင်းမင်းမောင် ၈/မကန(နိုင်)၁၁၇၆၀၉ထံ ရောင်းချပေးပြီးဖြစ်ပါ၍ ဦးမင်းမင်းမောင်မှ အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/94854, Honda Dream 125 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းလှိုင် ၇/ပတတ(နိုင်)၀၇၇၂၀၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပြည်) ပြည်မြို့

အမည်မှန်

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်မြို့၊ အမက (နောင်ခမ်း) Grade-5 မှ ခွန်မောင်ပေး၏ အမည်မှန်မှာ ခွန်အောင်ခမ်း ဖြစ်ပါကြောင်း။ **ခွန်အောင်ခမ်း**

မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်မြို့၊ အမက (နောင်ခမ်း) Grade-3 မှ ခွန်သက်နေ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၄-၂၀၂၃ ဖြစ်ပါကြောင်း။

ဥတုရာသီ တောကိုမှီ

မွေးသက္ကရာဇ်အမှန်

ကလောမြို့၊ အထက(၁) Grade-5မှ မောင်ဝင်းထွဋ်သူရ၏ မွေးသက္ကရာဇ်မှန်မှာ ၅-၉-၂၀၁၂ ဖြစ်ပါကြောင်း။

အမည်မှန်

ဘော်ဆိုင်းမြို့၊ အထက (၆) Grade-3မှ မောင်ရဲရင့်ထွန်း၏ မိဘအမည်မှန်မှာ ဦးနိုင်ထွန်း-ဒေါ်သန္တာနှင်း ဖြစ်ပါကြောင်း။

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၆၃-က)၊ ဦးပိုင်အမှတ်(၁၀+၁၁)၊ ၄၁x၄၂လမ်းကြား၊ ၇၉x ၈၀ လမ်းကြားရှိ ဒေါ်လှဆင် အမည်ပေါက် ဂရန်မြေကွက်အား(မိခင်)ဒေါ်လှဆင်၊ (ဖခင်) ဦးအောင်ဟန် (ခ)ဦးအောင်သန်းတို့ကွယ်လွန်၍ ကျန်ရစ်သူတစ်ဦးတည်းသော သမီးဒေါ်ပု ၉/မရတ(နိုင်) ၀၃၀၆၉၀က ဂရန်မူရင်းအိမ်ပြောင်းရွှေ့ ပြုလုပ်ရင်း ပျောက်ဆုံးသွားပါသဖြင့် အမွေဆက်ခံကြောင်းနှင့် ပျောက်ဆုံးကြောင်း (ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး)ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ပ-၃)၊ ဦးပိုင်အမှတ်(၇၂)၊ ၆၁လမ်း၊ ၄၁x၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်မိုး ၉/မကန(နိုင်) ၀၅၁၈၅၇၏ (SP ရသူဦးရဲ ထွန်းအောင်)ကအမည်ပေါက်သူ ဒေါ်တင်တင်မိုး၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယား မူရင်းတို့မှာ တင်ပြရမည်ဖြစ်သော်လည်း ၄ှားရမ်း၍ မရကြောင်း တင်ပြစာ၊ ဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၉၅၆/၂၀၂၃-၂၀၂၄)ဖြင့် သက်တမ်းတိုး လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံ တင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်တွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ

အများသိစေရန်ကြေညာခြင်း

ဦးထွန်းကျော် (ဘ) ဦးမြသောင်း ၅/တဆန(နိုင်)၀၉၇၇၀၂၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ကုန်းရိုးကျေးရွာအုပ်စု၊ ကုန်းရိုးကျေးရွာတွင်နေထိုင်သူသည် ၂၄-၀၂-၂၀၂၁ရက်တွင် AK Yong Fu Co.,Ltd မှ ရောင်းချထားသော DONGFENG (9R-4356) 2020 Model ယာဉ်အား အငှားချထားခြင်းဆိုင်ရာ စာချုပ်စာတမ်းများပါ စည်းကမ်းချက်များကို သဘောတူညီစွာဖြင့် Hire Purchase (အရစ်ကျဝယ်ယူခြင်းစနစ်) ဖြင့်ဆောင်ရွက်ခဲ့ပြီးလစဉ်ပေးသွင်းရမည့်ငွေများကိုပေးသွင်းရန် ပျက်ကွက်နေပါသဖြင့် ဦးထွန်းကျော်သော်လည်းကောင်း၊ ယာဉ်လက်ဝယ်ရှိသူသည်သော်လည်းကောင်း ဤကြေညာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ဆက်သွယ်ညှိနှိုင်းရန်နှင့် လာရောက်ဆက်သွယ်ခြင်းမရှိပါက ယာဉ်အား တွေ့ရှိသည့်နေရာတွင် သိမ်းဆည်းခြင်း၊ လက်မခံပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

AK Yong Fu Co.,Ltd
ဖုန်း-၀၉-၂၆၅၁၉၃၅၁၄၊ ၀၉-၇၆၅၁၉၃၅၁၄

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ မြေကွက်အမှတ် ၃၄၆၊ နှစ်(၆၀) ဂရန်မြေ အမျိုးအစား အလျား ၂၅ပေ၊ အနံ ၅၀ပေ ၊ ဧရိယာ ၁၂၅၀ စတုရန်းပေ အကျယ် မြေကွက်နှင့် ပုသိမ်ညွန့် ၈လမ်း၊ အမှတ် ၄၁၊ ပျဉ်ထောင် ၂ထပ်လုံးချင်း မြေကွက်ကို ဦးအာကာကြိုင် ၁၂/လသန(နိုင်) ၀၂၁၄၅၇ ထံမှ ကျွန်မ ဒေါ်နန္ဒာထွန်း ၁၀/သဖရ(နိုင်)၁၁၃၄၈၈ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နန္ဒာထွန်း
အမှတ် ၆(A)၊ ပုသိမ်ညွန့်(၇)လမ်း၊ ဖုန်း-၀၉- ၅၅၀၅၈၂၁

အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာ

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်နိုင်ထွန်း ၉/မရမ(နိုင်)၀၀၅၆၀၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးအောင်နိုင်ထွန်း (ဘ) (ဦးထွန်းနိုင်) ၉/မရမ(နိုင်) ၀၀၅၆၀၅ နှင့် ဒေါ်ရင်မေ (ဘ) (ဦးရန်တေလုံ) ၁၃/လရန(နိုင်) ၁၂၄၇၈၆တို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်းတိုက်ဆိုင်မှု မရှိတော့သဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးပြီးဖြစ်ပါသည်။

နောက်နောင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်နွှယ် သက်ဆိုင်မှုမရှိတော့ပါကြောင်းနှင့် ဒေါ်ရင်မေနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်မဆို ဦးအောင်နိုင်ထွန်းက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ဘဲ ဒေါ်ရင်မေ၏ ဆောင်ရွက်ချက်များသည် ဦးအောင်နိုင်ထွန်းနှင့်ပတ်သက်စပ်ဆိုင်မှု လုံးဝမရှိပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးအောင်နိုင်ထွန်း	**ဒေါ်ပွင့်ဖြူဖြူလွင်**
၉/မရမ(နိုင်)၀၀၅၆၀၅	**LL.B,MA(Business Law),D.B.L,D.I.L,**
	W.I.P.O (Switzerland)
	အထက်တန်းရှေ့နေ(စဉ်-၄၇၁၀၁)(၂၆-၂-၂၀၁၆)
	အမှတ်(၉၀၂)၊ ကျော်သူ(၁၈)လမ်း၊ (၉)ရပ်ကွက်၊
	တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
	ဖုန်း-၀၉-၇၈၉၄၄၄၄၈၄

သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

